# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ် (၃၄၈)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ် စ ရာ**

## မြန်မာနိုင်ငံအနာဂတ် လှသည်ထက်လှစေ

ဆောင်းပါး စာ - ၆၊ ၇



**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း စာ - ၃



**မကွေး - ပျော်ဘွယ် - ပြည်ညောင် - ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်တင် ဆောင်ရွက်**

ပြည်တွင်းသတင်း စာ - ၄

# နိုင်ငံတစ်ဝန်းလုံး စနေနေ့တိုင်း မြို့၊ ရွာများတွင် သန့်ရှင်းသာယာရေး အားတက်သရောဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ် တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် ကွတ်ခိုင်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑



တီးတိန်မြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။




မြန်မာ့အလင်း

# အကြမ်းဖက်အဖွဲ့အစည်းနှင့် နိုင်ငံကိုယ်စားပြုမှု

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဝါဒချင်းဆန့်ကျင်သည့် နိုင်ငံကြီးနှစ်နိုင်ငံက ဦးဆောင်သော အုပ်စုကြီးနှစ်စု၏ စစ်အေးတိုက်ပွဲ ပေါ်ပေါက်ခဲ့သည်။ စစ်အေးတိုက်ပွဲကာလသည် ၁၉၄၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ၄၅ နှစ်ခန့်ကြာမြင့်ခဲ့ပြီး အုပ်စုနှစ်စုအပြိုင်ရှိနေခဲ့သည်။ ထိုခေတ်ကာလ နိုင်ငံတကာဆက်ဆံရေးအခင်းအကျင်းကို ဒွိဝင်ရိုးကမ္ဘာ(Bipolar World) ဟူ၍ နိုင်ငံတကာသုတေသီတို့က ခေါ်ဝေါ်ကြသည်။ စစ်ပြီးကာလ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ရာတွင် အောင်နိုင်သူမဟာမိတ် ငါးနိုင်ငံက ဗီတိုအာဏာပိုင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ (အမေရိကန်၊ ဆိုဗီယက် ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်) ဟူ၍ ဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ကြီးက အင်္ဂလန်ကဲ့သို့သော နယ်ချဲ့အင်ပါယာပြည့်ရှင်နိုင်ငံမျိုးကို စစ်နိုင်သော်ငြား အထည်ကြီးပျက်နိုင်ငံဘဝသို့ လျှောကျသွားစေခဲ့ပြီး အမေရိကန်မှာ စီးပွားရေး၊ နိုင်ငံရေးအရ အကျိုးအမြတ်ကြီးစွာ ဖြစ်ထွန်းစေကာ ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိသွားစေခဲ့သည်။ အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုနှင့် ဆိုဗီယက် ရုရှား ဦးဆောင်သည့် အရှေ့အုပ်စုတို့၏ ဝန်ရိုးနှစ်ခုပြိုင်ဆိုင်မှုတွင် ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်၊ ဒဗလျူတီအို စသည့်အဖွဲ့အစည်းများကို လွှမ်းမိုးထားနိုင်သည့် အနောက်အုပ်စုက အမြဲခေါင်းတစ်လုံးသာမက နှစ်လုံး၊ သုံးလုံးသာနေခဲ့သည်။ ကုလသမဂ္ဂကို ရပ်ကွက်ထဲမှ ကစားကွင်းတစ်ခုအဖြစ် ဥပမာဆိုရလျှင် အနောက်အုပ်စုသည် ကစားကွင်းထဲမှာ နေရာယူဗိုလ်ကျနေသည့် ကလေးဆိုးကြီးများသဖွယ်ပင်။ ကစားကွင်းထဲတွင် ၎င်းတို့နှင့် အဆင်ပြေအောင် ပေါင်းသင်းနိုင်ဖို့ လိုပြီး အဆင်မပြေသူတို့မှာ အနိုင်ကျင့်ခံကြရမည်သာဖြစ်သည်။

ကုလသမဂ္ဂ၏ ထိုအစဉ်အလာသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီး စစ်အေးတိုက်ပွဲအဆုံးသတ်ကာ အမေရိကန်သည် နိုင်ငံတကာအခင်းအကျင်းတွင် ကမ္ဘာ့ပုလိပ်ကြီးအဖြစ် နေရာယူသွားသည့်အချိန်တွင် ပို၍ပေါ်လွင်ထင်ရှားလာသည်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဆိုသည့် ဝေါဟာရတို့ကို ရေလဲသုံးကာ တစ်ကမ္ဘာလုံးကို အနောက်အုပ်စုပုံစံသွင်းရန် ကြိုးစားသည်။ နယ်ချဲ့ကိုလိုနီလက်အောက်မှ လွတ်မြောက်လာခဲ့ပြီးနောက် အခက်အခဲမျိုးစုံနှင့် ရုန်းကန်ကြိုးပမ်း တည်ဆောက်နေကြရသည့် တတိယကမ္ဘာနိုင်ငံငယ်များကို နည်းမျိုးစုံနှင့် သိမ်းသွင်းရာတွင် ပြည်တွင်းနိုင်ငံရေးကို ဝင်ရောက်စွက်ဖက်မှုများ တစ်ကမ္ဘာလုံးတွင် လုပ်ခဲ့သည်။ ယခုလည်း (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ ပြည်ပြေးအကြမ်းဖက်အဖွဲ့ကို ပွဲထုတ်နိုင်ရေး အလံရှူးတို့က နှုတ်ကြောင်းပေးလျက်ရှိသည်။

မြန်မာပြည်တွင်း နေရာအနှံ့အပြားတွင် အပြစ်မဲ့လက်နက်မဲ့ အရပ်သားများကို လက်မရွံ့အကြမ်းဖက်သမားတို့က သတ်ဖြတ်နေပုံများကို ၎င်းတို့ကိုယ်တိုင် ရိုက်ကူးထုတ်လွှင့်ထားသည့် ရုပ်မြင်၊ ရုပ်ပုံ၊ ဓာတ်ပုံများစွာတို့က သက်သေခံနေပြီး နောက်ကွယ်မှ မူဝါဒချမှတ်သူ၊ ထောက်ပံ့အားပေးကူညီသူ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုကို နိုင်ငံကိုယ်စားပြုအဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံမှ အသိအမှတ်ပြုရေး လှုံ့ဆော်ကြိုးပမ်းမှုများမှာ ရှင်းနေသည်ကို ရှုပ်အောင်ပြုလုပ်သည့် လိမ်ညာမှုတစ်ရပ်သာ ဖြစ်ပါကြောင်း။ ။




## မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ မဟာဝိဇ္ဇာသိပ္ပံ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သား စာသင်တိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ ပါဠိကာရီစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေပရိယတ္တိစာသင်တိုက် **(အပေါ်ပုံ)**တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ စိန်ပန်းဇဝနကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပဒုံပရိယတ္တိကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကုန်းသာပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ထွန်းအောင်၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ဇော်လွင်ဦး ဦးဆောင်၍ ရထားရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)၊ အမှတ်(၂) ရထားရဲတပ်ဖွဲ့ခွဲ (နေပြည်တော်)၊ အမှတ် (၉) တပ်ခွဲ (နေပြည်တော်) နှင့် နေပြည်တော်ရထားရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၁၀၀ ကျော်တို့သည် နေပြည်တော် ဘူတာကြီးဝင်းရှိ အောင်စကြာရတနာမုနိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်သန့်ရှင်းရေးနှင့် စေတီတော်ပတ်ဝန်းကျင်ရှိ ချုံ၊ နွယ်၊ မြက်ပင်များ ရှင်းလင်းခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်စဉ်။ ရဲပြန်ကြား





# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU / KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနညွှန့်ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီလက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။









ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

ဆက်လက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက် ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အထွေထွေအတွင်းရေးမှူးချုပ် စောကျော်ညွန့်တို့ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိုယ်စား ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

# မကွေး-ပျော်ဘွယ်-ပြည်ညောင်-ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်တင် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

**မကွေး-ပျော်ဘွယ်-ပြည်ညောင်-ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မကွေး-ပျော်ဘွယ် ၈၇ မိုင်၊ ပျော်ဘွယ်-ပြည်ညောင် ၃၁ မိုင်နှင့် ပြည်ညောင်-ပင်းပက် ၆၇ မိုင် သုံးပိုင်းခွဲ၍ ဧပြီလမှစတင်ကာ အဆင့်မြှင့်တင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး၏ ၇၇ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**

အဆိုပါလုပ်ငန်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ပြန်လည်လည်ပတ်ပါက အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ရေနံချောင်း Off-take မှတစ်ဆင့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနိုင်ရေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ကြိုတင်စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းခွင်သို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့အနီးရှိ ပင်းပက်သဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းသို့ရောက်ရှိ စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သံမဏိစက်ရုံ ပြန်လည်လည်ပတ်ချိန်တွင် စက်ရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးနိုင်ရေး လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ဖြည့်ဆည်းနိုင်ရေးအတွက် ရွှေစီမံကိန်းမှပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားရန်လိုကြောင်း၊ ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး ပင်းပက်ဓာတ်ငွေ့ထိန်းဖြန့်စခန်းရှိ သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်များ ဖိအားစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သရက်ပုကျေးရွာအနီးရှိ ပိုက်လိုင်းပြုပြင်ခြင်းနှင့် ပိုက်အစားထိုးလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



**သတင်းစဉ်**



## မြန်မာ - အိန္ဒိယ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု စတုတ္ထအကြိမ် ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

**မြန်မာ-အိန္ဒိယလျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စတုတ္ထအကြိမ် ပူးတွဲဦးဆောင်ကော်မတီအစည်းအဝေး (The 4th Meeting of the Joint Steering Committee (JSC) on Myanmar-India Cooperation in Power Sector) ကို ယနေ့ နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အိန္ဒိယနိုင်ငံ Ministry of Power မှ Secretary (Power) ဖြစ်သူ H.E. Mr. Shri Alok Kumar တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အဖွင့်အမှာစကားများ ပြောကြားကြသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Shri Vinay Kumar နှင့် သံရုံးတာဝန်ရှိပုဂ္ဂိုလ်များ၊ အိန္ဒိယနိုင်ငံ Ministry of Power၊ Central Electricity Authority နှင့် Ministry of External Affairs တို့မှ တာဝန်ရှိသူများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ဆွေးနွေးကြပြီး မြန်မာ-အိန္ဒိယလျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်များကို အတည်ပြုကြသည်။

ယင်းနောက် နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍမြှင့်တင်နိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စွမ်းရည် မြှင့်တင်နိုင်ရေးတို့ကို ရှေးရှုလျက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များဖြစ်သော နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals) ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်စီမံကိန်းများ ဆောင်ရွက်ရေး၊ လျှပ်စစ်စွမ်းအင် (Energy Efficiency) မြှင့်တင် အသုံးချနိုင်ရေး၊ ကျေးလက်ဒေသသုံး အသေးစားလျှပ်စစ်ဓာတ်အားစနစ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်မှုသင်တန်းများဆိုင်ရာ အစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေး (The 5th Meeting of the Joint Steering Committee (JSC) on Myanmar-India Cooperation in Power Sector)အတွက် အကြိုညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ တွင်ပါရှိသည့် "ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လာသည်နှင့်အမျှ နိုင်ငံသားများနှင့် ၎င်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အရေးကြီး" ဆိုသည့် သတင်း၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်) စာတည်းအဖွဲ့

## စစ်တွေမြို့၌ နိုင်ငံခြားသားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**စစ်တွေ စက်တင်ဘာ ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြီးမှူး၍ နိုင်ငံခြားသားဆိုင်ရာ အသိပညာပေး (Foreigners Awarness) ဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ မောလိပ်ရပ်ကွက် Nobel Hotal အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်တွေမြို့နယ် ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဝင်းရွှေက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပေးထားသော ဗီဇာ ၁၄ မျိုးတွင် ပါရှိသည့်အချက်အလက်များ၊ နိုင်ငံခြားသားများ နေထိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် နိုင်ငံခြားသားများ ရောက်ရှိခြင်း၊ ထွက်ခွာခြင်းများကို Form c ပုံစံ(ဂ)များဖြင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ရုံးသို့ ၂၄ နာရီအတွင်း ပေးပို့နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာမှု ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် နိုင်ငံခြားသားများ တည်းခိုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားရာ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဟိုတယ်လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ တာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဝင်းရွှေနှင့် ပြည်နယ်ဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စစ်တွေမြို့နယ်ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဟိုတယ်လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် တာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုထွန်း**

## အလုပ်တွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုကို အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့ မြို့နယ်လူမှုဖူလုံရေးရုံးမှ ရန်ကုန်မြို့ အလုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Guiding Star Group Co.,ltd မှ အာမခံအလုပ်သမား ဦးစိုးနိုင်ဦး၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုကို အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က ဘားအံမြို့နယ် လူမှုဖူလုံရေးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒေါ်စုစုမော် က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မိတ်ဖက်ဌာနများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်၌ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေကျပ် သိန်းခြောက်ဆယ်အား ကျန်ရစ်သူ၏ ဇနီး ဒေါ်သီရိအောင်ထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်သည့်လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဇေယျာဝတီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားခကျသင့်ငွေများ အပြည့်အဝကောက်ခံရရှိစေရေး ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေး တာဝန်ခံများမှ ဆောင်ရွက်သွားရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းများကိုလည်း လုံခြုံရေးပြည့်ပြည့်ဝဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ၎င်းအပြင် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အလျောက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပြီး အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များအောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။





ထို့နောက် ဒေသခံရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများရှိ မီးသုံးစွဲသူပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ် စပါးကြွယ်ကျေးရွာအနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ စပါးကြွယ်ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းနှင့် မိတ္ထီလာ- နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရရှိသည့်ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုံခြုံရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ၅၀၀ ကေဗွီအေ စပါးကြွယ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# စကုမြို့ရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား စားကုန်များနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်

**မကွေး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုနှင့် မင်းဘူး(စကု)မြို့နယ်မှ စေတနာရှင်အလှူရှင်များ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် စကုမြို့အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များကို စက်တင်ဘာ ၁၅ ရက်က ထောက်ပံ့ပေးအပ်သည်။

စကုမြို့ ရွှေပန်းရုံကျောင်းတိုက် သုခကာရီဓမ္မာရုံ၌ ကျင်းပသော ထောက်ပံ့ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံထောက်ပံ့မှုအပြင် မင်းဘူး(စကု)မြို့နယ်မှ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းထည့်ဝင်မှုဖြင့် စကုမြို့ ရပ်ကွက်သုံးခုမှ အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအတွက် စားသောက်ကုန်များနှင့် ကိုဗစ်ကာကွယ်ရေးသုံးပစ္စည်းများနှင့် နှာခေါင်းစည်းများ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အလှူရှင်များက စကုမြို့ မြို့ပေါ်ရပ်ကွက်သုံးခုမှ အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်၊ ကြက်သွန် ၂၅ ကျပ်သား၊ ဆီ ၃၀ ကျပ်သား၊ ကုလားပဲ ၃၀ ကျပ်သား၊ ဆား ၅၀ ကျပ်သားနှင့် နှာခေါင်းစည်း ၁၀ ခုစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စကုမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်း လူနာတစ်ဦးချင်းထံ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့သည်။ **မောင်ညီညာ**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# တပ်ကုန်းမြို့နယ်၌ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်ကြဲပက်ပွဲနှင့်တမန်းနိုးခြင်း သရုပ်ပြကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင် ကျင်းပသည့် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ(၁:၃) ရောစပ်ကြဲပက်ပွဲနှင့် တမန်းနိုးစက်ဖြင့် တမန်းနိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သပြေသာကျေးရွာ ကွင်းအမှတ်(၁၂၇၉) တောင်သူဦးအောင်စိန်၏ ကောက်စိုက် စံပြစိုက်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးကို နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ကုန်ကြမ်းများအား ကုန်ချောအဖြစ် ဆောင်ရွက်ရေး၊ သဘာဝမြေဆီများ အသုံးပြုရေး၊ အရည်အသွေးကောင်းမွန်သော မျိုးသန့်များထွက်ရှိရေး၊ သဘာဝမြေသြဇာ စနစ်တကျသုံးစွဲရန်နှင့် သီးနှံစိုက်ပျိုးရာတွင် စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုမှုမှာလည်း အရေးပါကြောင်း၊ မြေဆီများ၊ ရေအသုံးချမှုများ စသည့် သွင်းအားစုများ ဆောင်ရွက်ပေးလျက်ရှိရာမှာလည်း ဒေသခံ တောင်သူများ အကျိုးရှိစွာ အသုံးချစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ခင်မိုး၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်နွယ်ဦးတို့က ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ (၁:၃)ရောစပ်ကြဲပက်ရခြင်းနှင့် အကျိုးကျေးဇူးများ အကြောင်း၊ တမာရွက်များဖြင့် ပိုးသတ်ဆေး ဖော်စပ်အသုံးပြုခြင်းနှင့် အကျိုးကျေးဇူးများ အကြောင်း လည်းကောင်း၊ ကံသာသဘာဝမြေသြဇာ ကုမ္ပဏီမှ တာဝန်ခံ ဦးစိုင်းမျိုးဝင်းဟန်က သဘာဝမြေသြဇာ ထုတ်လုပ်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများအား လည်းကောင်း ရှင်းလင်းတင်ပြသည်။



ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဥသျှစ်ကုန်းအုပ်စု၊ ကြက်သွန်ခင်းအုပ်စု၊ ညောင်လွန့်အုပ်စုများမှ တက်ရောက်လာသည့် တောင်သူများက ကွင်းအမှတ် (၁၂၇၉) တောင်သူ ဦးအောင်စိန်၏ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စံပြစပါး စိုက်ကွက်အတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ(၁:၃) ရောစပ်ကြဲပက်ခြင်း၊ တမန်းနိုးစက်ဖြင့် တမန်းနိုးသရုပ်ပြသခြင်း၊ တောင်သူ ဦးဇော်မင်းထွန်း၏ ဝါစိုက်ခင်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအနာဂတ် လှသည်ထက်လှစေ

ဝဏ္ဏ (TGI)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) သို့ ရောက်ရှိတည်းခိုလျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးစီးသည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းမှစတင်၍ သက်ဝင်လှုပ်ရှားလျက်ရှိသည်။ နံနက်ပိုင်းအတွက် သွားရောက်လေ့လာမည့် အစီအစဉ်၊ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များ မရှိသည့်တိုင် နားနေရခြင်းမရှိ။ မကြာမီ ဆောင်ရွက်ရမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှု၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7 th Eastern Economic Forum-2022)တွင် တက်ရောက်ဆွေးနွေးမှု စသည်တို့အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြသည်။ ခရီးစဉ်အား မစတင်မီ ကာလကပင် ကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အချိန်နှင့်အမျှပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီသောကာလအထိ ပြင်ဆင်မှုကို မလျှော့။

### အလေးအနက်ထား

မွန်းလွဲပိုင်းအရောက်တွင် တည်းခိုရာနေရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ပါဝင်သည့် လုံခြုံရေးယာဉ်တန်းများ ခြံရံထားသည့် အထူးယာဉ်တန်း စတင်ထွက်ခွာသည်။ FEFU Campus အတွင်းရှိ ညှိနှိုင်းခန်းမဆောင် အတွင်း၌သာ တွေ့ဆုံခြင်းဖြစ်၍ ခရီးကွာဝေးမှုမရှိသော်လည်း စနစ်ကျနသော ယာဉ်တန်းဖြင့် စီမံဆောင်ရွက်ပေးမှုဖြင့် ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အပေါ် အလေးအနက်ထားမှုကို ပြသည်။

နှစ်နိုင်ငံ အကြီးအကဲနှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံဘက်မှ အကြီးအကဲနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးတို့ ပါဝင်တက်ရောက်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်တွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Vladimir Vladimirovich Putin၊ နိုင်ငံခြားရေးဝန်ကြီး Sergey Lavrov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Nikolay A. Listopadov နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ စုံလင်စွာတက်ရောက်ကြသည်။

### ကာလရှည်မိတ်ဖက်နိုင်ငံ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ကြိုဆိုမှုအပေါ် မြန်မာနိုင်ငံ၏ အကြီးအကဲက မင်္ဂလာပါဟူသော ပရိသန္ထာရစကားဖြင့် နှုတ်ဆက်၍ တွေ့ဆုံဆွေးနွေးမှုကို စသည်။ ရုရှားနိုင်ငံအကြီးအကဲက ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ၇၅ နှစ်တိုင်သည်အထိ ခိုင်မြဲခဲ့မှုအပေါ် ဂုဏ်ပြုအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အပေါ် အလားအလာကောင်းများ မြင်တွေ့နေရမှုအခြေအနေများကို စတင်ဆွေးနွေးသည်။ ကနဦးဆွေးနွေးမှုတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဟု သုံးနှုန်းဆွေးနွေးခြင်းဖြင့် ရုရှား-မြန်မာ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း တွေ့ဆုံဆွေးနွေးမှုအပေါ် ကျေးဇူးတင်စကားဆို၍ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေး အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယခင်ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများနှင့် ၎င်းအခက်အခဲများကြားမှ လက်ရှိသမ္မတကြီးလက်ထက်တွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ်သို့ ရောက်ရှိအောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကြိုးပမ်းခဲ့မှုများအပေါ် ချီးကျူးစကားဖြင့် ဆွေးနွေးခြင်းကိုစသည်။ အပြန်အလှန်သော ရင်းနှီးမှုဖြင့် ချစ်ကြည်ရေးဆွေးနွေးမှုများအပြီးတွင် နှစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသောဆွေးနွေးမှုကို ဆောင်ရွက်ကြသည်။

### ခေတ်ပညာတတ်များအတွက် ကဏ္ဍတစ်ခုဖွင့်လှစ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုတိုးမြှင့်ရေးမှ အစချီ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ဆက်စပ်နေသည့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးသည်။ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးချင်းမှအစပြု၍ နိုင်ငံအဆင့်အထိ တိုးတက်လာမည့် ကိစ္စရပ်များဖြစ်သည့်အတွက် ဆွေးနွေးမှုမှာ ကျယ်ပြောလှသည်။ ဆက်လက်ဆွေးနွေးမှုတွင် သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ တိုးတက်လာသည့် သိပ္ပံနှင့်နည်းပညာခေတ်တွင် ပူးပေါင်းဆောင်ရွက်ရမည့် ဆွေးနွေးမှုများမှာ အဖိုးတန် လှသည့်အပြင် မြန်မာနိုင်ငံရှိ ခေတ်ပညာတတ်များအတွက် အခန်းကဏ္ဍတစ်ခုကို ဖွင့်လှစ်လိုက်နိုင်ခြင်းဟု ဆိုရမည်ဖြစ်သည်။

နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း အပြန်အလှန်တိုးမြှင့်ရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆွေးနွေးမှုကိုလည်း ဆောင်ရွက်ခဲ့ရာ အနာဂတ်ကာလတွင် နှစ်နိုင်ငံလုံးမှ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော ဆွေးနွေးမှုအဖြစ် မှတ်တမ်းတင်ရမည်ပင်ဖြစ်သည်။ နှစ်ဖက်သော အကြီးအကဲများ၏ နိုင်ငံနှင့်ပြည်သူလူထုအပေါ်ထားရှိသည့် စိတ်စေတနာကိုမြင်သာသည့် ဆွေးနွေးမှုများဟုလည်း ထင်မြင်မိသည်။ အလားတူပင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးကိုလည်း ဆွေးနွေးဆောင်ရွက်ခဲ့ရာ အမိမြန်မာပြည်အတွက် ရလဒ်ကောင်းများ ရရှိစေရန် ပြီးပြည့်စုံလှသော ဆွေးနွေးချက်များအဖြစ် ယူဆမိသည်။ သာမန်တွေ့ဆုံမှုများထက် ပိုမိုကြာမြင့်ခဲ့သည့် တွေ့ဆုံဆွေးနွေးခဲ့မှုသည် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ကူညီဆောင်ရွက်မှုစသည့် အပြုသဘောဆောင်သော ရလဒ်ကောင်းများကို ဆွေးနွေးနိုင်ခဲ့သည်ဟု မှတ်တမ်းပြုရမည်ပင်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မကြာမီ စတင်ကျင်းပမည့် (၇) ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် (The 7 th Eastern Economic Forum-2022) ၏ မျက်နှာစုံညီ အစည်းအဝေး Plenary Session တွင် တက်ရောက်ဆွေးနွေးရန် စီမံရသည်။

ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Luvsannamsrian Oyun-Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ Mr. Li Zhanshu စသည့် နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် နိုင်ငံ ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များပါဝင် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ဆောင်ရွက်ပေးမည့် အခြေအနေ၊ ရုရှားနိုင်ငံမှ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ဆွေးနွေးပြောကြားမှုအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆက်လက်ဆွေးနွေးရသည်။

### ဖေးမကူညီတတ်သည့် မြန်မာ့စိတ်ရင်း

မြန်မာအကြီးအကဲက ဆွေးနွေးမှုကို "စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ" ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ လူသားများ၏ အသက်ရှင် နေထိုင်လှုပ်ရှားသွားလာရန်အတွက် စားနပ်ရိက္ခာ၏ အရေးပါမှုကို စတင်ဖော်ပြ၍ စားနပ်ရိက္ခာလုံခြုံမှု (Food Security)သည် လူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးသော လိုအပ်ချက်ဖြစ်သည်ဟု ဆွေးနွေးသည်။ စားနပ်ရိက္ခာလုံခြုံမှု (Food Security) အပေါ် ခေတ်ကာလပြောင်းလဲမှုအရ ဘဏ္ဍာရေးလုံခြုံမှု (Financial Security)က လွှမ်းမိုးလာမှုကိုလည်း သတိပြုနိုင်ရန် ထောက်ပြဆွေးနွေးသည်။

"ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုတိုးမြှင့်ရေးမှ အစချီ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ဆက်စပ်နေသည့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးသည်။ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးချင်းမှအစပြု၍ နိုင်ငံအဆင့်အထိ တိုးတက်လာမည့် ကိစ္စရပ်များဖြစ်သည့်အတွက် ဆွေးနွေးမှုမှာ ကျယ်ပြောလှသည်။ ဆက်လက်ဆွေးနွေးမှုတွင် သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ တိုးတက်လာသည့် သိပ္ပံနှင့်နည်းပညာခေတ်တွင် ပူးပေါင်းဆောင်ရွက်ရမည့် ဆွေးနွေးမှုများမှာ အဖိုးတန်လှသည့်အပြင် မြန်မာနိုင်ငံရှိ ခေတ်ပညာတတ်များအတွက် အခန်းကဏ္ဍတစ်ခုကို ဖွင့်လှစ်လိုက်နိုင်ခြင်းဟု ဆိုရမည်"

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

စားနပ်ရိက္ခာလုံခြုံရေး(Food Security) တွင် အဓိကကျသည့် အထောက်အကူ ပစ္စည်းများ ရောင်းဝယ်မှုပြုရာတွင် အချို့နိုင်ငံများက ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲ၍ ဒေါ်လာကို လက်နက်သဖွယ် အသုံးချလာမှု၊ နိုင်ငံကြီးများမှ နိုင်ငံငယ်များကို ဒေါ်လာဖြင့်အနိုင်ကျင့်ကာ နိုင်ငံရေး၊ စီးပွားရေးတို့တွင် လွှမ်းမိုးလာမှုတို့ကိုလည်း အလေးထားထောက်ပြ၍ သတိပြုမိစေရန် ထည့်သွင်းဆွေးနွေးသည်။ ၎င်းကိစ္စရပ်များကို လွန်ဆန်နိုင်မည့် နည်းလမ်းနှစ်သွယ်ကို ဆောင်ရွက်နိုင်မှု၊ အင်အားကြီးနိုင်ငံများမှ ဝိုင်းဝန်းကူညီပေးရန် လိုအပ်မှုတို့ကိုလည်း အကြံပြုတိုက်တွန်းသည်။ အမိမြန်မာပြည်အတွက်သာမဟုတ်၊ အခြားအနိုင်ကျင့်ခံနေရသည့် နိုင်ငံငယ်များအတွက်ကိုပါ ရည်ရွယ်ထည့်သွင်း ဆွေးနွေးမှုတွင် ဖေးမကူညီတတ်သည့် မြန်မာ့စိတ်ရင်းကို မြင်သာသည်။

စားနပ်ရိက္ခာလုံခြုံမှု (Food Security) ကို ခြိမ်းခြောက်နေသည့် ပြောင်းလဲမှု ဖြစ်စဉ်များ၊ နှစ်ကာလများအလိုက် တိုးတက်လာမည့် လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်မှု (Demand) မြင့်တက်လာနိုင်မည့် အခြေအနေများကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လိုအပ်ချက်များအဖြစ် သိသာစေရန် ဆွေးနွေးမှုတွင် ထည့်သွင်းသည်။ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာနိုင်ငံပါဝင်သည့် အာဆီယံဒေသသည် ပထဝီ အနေအထားအရ အရေးပါသည့် နေရာတွင် တည်ရှိနေမှု အခြေအနေ၊ အာဆီယံနိုင်ငံများမှ စိုက်ပျိုးရေးထွက်ကုန်များထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှု အခြေအနေများကိုလည်း ကိန်းဂဏန်း အချက်အလက် အကိုးအကားများဖြင့် ရှင်းလင်းဆွေးနွေးသည်။ အာဆီယံဒေသတွင်း နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ သဘာဝပတ်ဝန်းကျင် ကောင်းများနှင့် ပြည့်စုံမှု၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက စားနပ်ရိက္ခာလုံခြုံမှု (Food Security) အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ အပြန်အလှန် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောကို အခြေခံ၍ ဆွေးနွေးမှုအဖြစ် မှတ်သားရသည်။

## လာရောက်ရင်းနှီးမြှုပ်နှံ

မြန်မာနိုင်ငံ၏ လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေ၊ အသစ်ထပ်မံတွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်များ၏ အခြေအနေ၊ သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ လာမည့်သုံးနှစ်အတွင်း တိုးတက်လာမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း ဆွေးနွေးမှုတွင် ထည့်သွင်း ပြောကြားသည်။ အလားတူ သဘာဝတွင်းထွက်သတ္တုများ တူးဖော်ထုတ်လုပ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိမှု စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

ယခုကျင်းပပြုလုပ်သည့် ဖိုရမ်မှအစပြု၍ အနာဂတ်ကာလတွင် အာရှ-ပစိဖိတ်ဒေသကို ရင်းနှီးမြှုပ်နှံမှုသာမက ပထဝီနိုင်ငံရေးအရ တည်ငြိမ်မှုရရှိစေရေး ပိုမိုအားကောင်း လာမည့်အခြေအနေ၊ ဒေသတွင်း အဖွဲ့အစည်းအသီးသီးတို့နှင့် ခိုင်မာသည့် ဆက်ဆံရေး ထူထောင်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့ကို ထည့်သွင်းဆွေးနွေးကာ စည်းလုံးညီညွတ်ခြင်းဖြင့် ဒေသတွင်းသာမက နယ်မြေအသီးသီး၏ အကျိုးစီးပွား တိုးတက်စေနိုင်မှုကို အသေးစိတ်ဆွေးနွေးသည်။ ၎င်းကဲ့သို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်ရန် လိုအပ်မှု၊ ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်ရာတွင် ပေါင်းစပ်ဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်း အကြံပြုဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အတွေး တစ်ခုဖြစ်လာစေရန်တိုက်တွန်းနိုင်ခဲ့သည်။ အကြံပြုတိုက်တွန်းမှုကို အမိမြန်မာနိုင်ငံ၏ ပထဝီအခြေအနေ၊ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး(Food Security)အတွက် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေနှင့် ချိတ်ဆက်ဆွေးနွေးကာ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် ဖိတ်ကြားခြင်းဖြင့် ဆွေးနွေးမှုကို အဆုံးသတ်သည်။ ကမ္ဘာကြီး၏ စားနပ်ရိက္ခာလိုအပ်ချက်၊ ဒေသတွင်းဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံ၏ ပထဝီအခြေအနေနှင့် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို အကိုးအကား၊ အထောက်အထားများဖြင့် ချိတ်ဆက်ဆွေးနွေးမှုမှာ သေသပ်ပြည့်စုံလွန်းသည်ဟု မြင်မိသည်။

အနာဂတ်တွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ၊ တစ်နည်းအားဖြင့် မဟာမိတ်နိုင်ငံဟု ညွှန်းသည်။ ရှည်လျားသော သမိုင်းကြောင်း၏ အကဲဖြတ်ချက်အရ ထွက်ပေါ်လာသည့်စကားစုဟု သုံးနှုန်းလျှင် မှားမည်မထင်ပါ။ နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်း တစ်လျှောက် တိုးတက်လာသည့် ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းအလားအလာကောင်းများစွာရှိမှုနှင့်ယခုဖိုရမ်ကို တက်ရောက်လာမှုအပေါ် ကျေးဇူးတင်စကားလည်း ဆိုသည်။ တည်ငြိမ်သည့် အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

## သမိုင်းကြောင်းရှိသည့် ဆက်ဆံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အပြန်အလှန် ကျေးဇူးတုံ့ပြန်စကားဖြင့် စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလကို ညွှန်းဆိုရင်း ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ အနိမ့်၊ အမြင့်မျိုးစုံသော ဆက်ဆံရေးသမိုင်းနှင့် လွန်ခဲ့သော ၁၀ စုနှစ် နှစ် စုကျော်ကာလမှ စတင်၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာမှုကို အရှိန်အဟုန်ဖြင့်ဟူသော အထူးပြု စကားလုံးဖြင့် ညွှန်းဆိုသည်။ လွန်ခဲ့သည့် နှစ် ၃၀ ခန့်တွင် ရုရှားနိုင်ငံ ရင်ဆိုင်ခဲ့သည် အခက်အခဲအပေါ် လက်ရှိသမ္မတကြီးတာဝန်ယူသည့် ၁၀ စုနှစ်ကာလအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာမှု၊ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာမှုနှင့်အတူ ကမ္ဘာ့အရေးကိစ္စများတွင် ရပ်တည်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုစကားဖြင့် ဖော်ပြသည်။ လာမည့် အနာဂတ်ကာလတွင် ရုရှားနှင့်မြန်မာနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း ထည့်သွင်းပြောဆိုသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့် ကန့်သတ်ချက်မပါ။ ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**မြန်မာနိုင်ငံ၏ လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေ၊ အသစ်ထပ်မံတွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်များ၏ အခြေအနေ၊ သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ လာမည့်သုံးနှစ်အတွင်း တိုးတက်လာမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း ဆွေးနွေးမှုတွင် ထည့်သွင်းပြောကြားသည်။ အလားတူ သဘာဝတွင်းထွက်သတ္တုများ တူးဖော်ထုတ်လုပ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိမှု စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး**

လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍနယ်ပယ်ကမနည်းလှ။ မကြာမီက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် International Army Game ကဲ့သို့သော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်မှုများကလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါပေလိမ့်မည်။ ကျယ်ပြောလှသည့် ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍတွေကလည်း ဦးစားပေးအဆင့်ထဲမှာ ပါပေလိမ့်မည်။ တစ်ပွင့်တည်းသော ပန်းအတွက် ရည်ရွယ်ခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်သည်ဟု ဆိုရပေမည်။

အကြီးအကဲ၏ ဆွေးနွေးမှုအပြီးတွင် အခန်းအနားမှူးက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး အကြီးအကဲက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကလည်း သူ၏ ထင်မြင်ယူဆချက်ကို ဖြည့်စွက်ဆွေးနွေးခြင်းဖြင့် ပံ့ပိုးသည်။ ၎င်းနောက် တက်ရောက်လာသည့် အကြီးအကဲများမှ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ကိုယ်တိုင်ပါဝင်ဆွေးနွေးခြင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Narendra Modi၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E. Ismail Sabri Yaakob နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh တို့က Video Message များဖြင့် ပေးပို့ဆွေးနွေးကြသည်။ နိုင်ငံ့ခေါင်းဆောင်အသီးသီး၏ ဆွေးနွေးမှုများအပြီးတွင် အခမ်းအနားမှူးက လက်ရှိကမ္ဘာတွင် ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များကို မေးမြန်းရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုများအားလုံးပြီးဆုံးချိန်တွင် တက်ရောက်လာသည့် အကြီးအကဲများ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးနောက် အခမ်းအနားပြီးဆုံးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှုများက အစီအစဉ်အားဖြင့် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ အစီအစဉ်အရ ပြီးမြောက်ခြင်း၏ နောက်ဆက်တွဲ အကျိုးကျေးဇူးများကား မပြီးဆုံးသေး။ အချို့အကြောင်းအရာများက တိုးတက်မှုအဖြစ် ရှိနေပြီး အချို့အကြောင်းအရာများမှာ အသစ်အသစ်သော၊ ကောင်းမွန်သောအရာများအဖြစ် စတင်သက်ဝင်လာပြီဖြစ်သည်။ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ ကြီးပွားမှုအစရှိသည့် အပြုသဘောဆောင် တိုးတက်မှုများမှာ တိုင်းတာကြည့်ရန်ပင် ခက်ခဲလွန်းလှသည် ထင်သည်။ မည်သို့ပင် ဆိုစေကာမူ အမိမြန်မာပြည်အတွက် အပြုသဘောဆောင် တိုးတက်မှုမှန်သမျှ အတိုင်းအဆမရှိခြင်းသည်ပင် မင်္ဂလာမည်ပါပေသည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

# မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံချင်အောင် ဆွဲဆောင်နိုင်ဖို့ မက်လုံးတွေ ပေးဖို့လိုအပ်ပါတယ်။ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေရော၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်ပါ တန်းတူအခွင့်အရေးပေးဖို့ လိုပါတယ်

**ဒေါက်တာရင်ရင်နွယ်**

**သတင်းအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ သွားရောက်ခဲ့သည်။**

**ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၇) ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေးခြင်း ၊ ဗလာဒီဗော့စတော့ခ်မြို့၌ လေ့လာခြင်း၊ Republic of Buryatia ပြည်နယ် Ulan – Ude မြို့၌ လေ့လာခြင်း၊ Amur ပြည်နယ် Blagoveshchensk မြို့ရှိ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာခြင်း၊ Irkutsk မြို့၌ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအပါအဝင် လှည့်လည်ကြည့်ရှုလေ့လာခြင်း စသည်ဖြင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။**

**သို့ဖြစ်၍ အဆိုပါ ခရီးစဉ်နှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည် –**

**ဒေါက်တာရင်ရင်နွယ်**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်)**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းထဲမှာ ပါဝင်တဲ့ စားနပ်ရိက္ခာလုံခြုံရေးရဲ့ အဓိပ္ပာယ်ကို ကျွန်မအနေနဲ့ အနည်းငယ်ထပ်ပြီး အကျယ်ဖွင့်ဟပါရစေ။ ဒီကိစ္စနဲ့ဆက်စပ်နေတဲ့ အစာအာဟာရကဏ္ဍမှာ နှစ်ပေါင်းများစွာ အလုပ်အတွေ့အကြုံရှိခဲ့တဲ့ သူတစ်ယောက်အနေနဲ့လည်း ပြောလိုပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က “စားနပ်ရိက္ခာလုံခြုံရေး” ရဲ့အဓိပ္ပာယ်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေကို သင့်တင့်တဲ့ ဈေးနှုန်းနဲ့ လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်ခြင်းလို့ အကျဉ်းချုပ် အဓိပ္ပာယ်ဖော်ထုတ်သွားပါတယ်။ မိန့်ခွန်းဆိုတော့ အချိန်ကန့်သတ်ချက်အရ ပြောခဲ့ရတယ်။ ဒါက နိုင်ငံတကာ သတ်မှတ်ချက်ရဲ့ မူဘောင်နဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖော်ထုတ်ချက်ပါ။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ သတ်မှတ်ချက်က “လူသားတိုင်းက အချိန်တိုင်းမှာ ဘေးကင်းပြီး အာဟာရပြည့်ဝတဲ့ အစားအစာကို လုံလုံလောက်လောက် ရရှိနိုင်ရမယ်။ ဝယ်ဖို့လိုအပ်ရင်လည်း ဝယ်နိုင်ရမယ်။ ကျန်းမာသန်စွမ်းပြီး လှုပ်ရှားသွားလာနိုင်တဲ့ လူနေမှုဘဝကို ပေးစွမ်းနိုင်ဖို့ ဒီအစားအစာက အာဟာရလုံလောက်ရမယ် ” **(အညွှန်း ၁)**။ ဒီစားနပ်ရိက္ခာလုံခြုံရေးရဲ့ အဓိပ္ပာယ်ကို အသေးစိတ်ကိုဖွင့်ဆိုပြီး စားနပ်ရိက္ခာလုံခြုံရေးအပေါ် သက်ရောက်မှုရှိတဲ့ အကြောင်းအရင်းများကို ကျွန်မ သုံးသပ်လိုပါတယ်။

ပထမအချက်အနေနဲ့ ငွေကြေး။ နိုင်ငံတစ်ခုကိုကြည့်မယ်ဆိုရင် ကိုယ့်နိုင်ငံက စားနပ်ရိက္ခာ လုံလောက်အောင် ထွက်ချင်မှထွက်မယ်။ ဒါဆိုရင် ပြည်ပက လိုအပ်တဲ့အစားအစာတွေ ဝယ်ယူဖို့ ငွေကြေးလုံလောက်ရမယ်။ ဒုတိယအနေနဲ့ ပြည်တွင်းတစ်နေရာကနေ တစ်နေရာကိုပို့ဖို့ လောင်စာဆီ လုံလောက်ဖို့လိုတယ်။ ဒီတော့ အခုခေတ် စားနပ်ရိက္ခာလုံခြုံရေးကို အကောင်အထည်ဖော်နိုင်ဖို့က ငွေကြေးနဲ့ လောင်စာဆီတို့ လုံလောက်ရင် တော်တော်ဟုတ်နေပြီ။ စင်ကာပူနိုင်ငံကိုကြည့်ပါ။ စင်ကာပူက သူ့စားနပ်ရိက္ခာ လိုအပ်ချက်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကို တိုင်းပြည်ပေါင်း ၁၇၀ ကနေ တင်သွင်းရတယ်**(အညွှန်း ၂)**။ အကြောင်းတစ်ခုခုကြောင့် စင်ကာပူကို လေယာဉ်တွေ သင်္ဘောတွေ မဆိုက်နိုင်တော့ရင် စင်ကာပူဒုက္ခရောက်ပြီပေါ့။

တတိယကလူဦးရေ။ ရှိတဲ့လူဦးရေအတွက် လိုအပ်သလောက် စားနပ်ရိက္ခာရရှိဖို့ဆိုတာကို လူတိုင်းသိကြပြီးဖြစ်လို့ တစ်ချက်ပဲ ဖြည့်စွက် ပြောချင်တယ်။ အခုအချိန်မှာ ကမ္ဘာကထွက်တဲ့ စားနပ်ရိက္ခာက ကမ္ဘာ့လူဦးရေအတွက် လောလောဆယ် လုံလောက်နေတယ်လို့ နိုင်ငံတကာအဖွဲ့အစည်းများက ပြောကြတယ် **(အညွှန်း ၃)**။ တချို့နေရာဒေသတွေမှာ အစာငတ်ပြတ်နေကြတာက ဆင်းရဲမွဲတေမှုကြောင့်အဓိကဖြစ်ပြီး နိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်၊ စားနပ်ရိက္ခာ ဖြန့်ဖြူးစီမံခန့်ခွဲတဲ့စနစ်တွေမှာ အားနည်းချက်တွေ ရှိတယ်လို့သုံးသပ်နိုင်တယ်။

စတုတ္ထအချက်က ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်။ ဒါတွေကလည်း သီးနှံတွေစိုက်ပျိုးဖို့၊ စားနပ်ရိက္ခာလုံခြုံမှုရရှိဖို့ လိုအပ်နေတဲ့ ရေအရင်းအမြစ်၊ ရေရရှိမှုတို့နဲ့ ချိတ်ဆက်နေပါတယ်။ မြန်မာနိုင်ငံက ရေပေါ်များတော့ ရေကို ဖြုန်းတီးကြတယ်။ တန်ဖိုးမထားတတ်ကြဘူး။ ရှေ့လျှောက် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ မိုးခေါင်တာတွေ၊ မုန်တိုင်းကျတာတွေ ပိုမိုပူပြင်းလာတာတွေဟာ စားနပ်ရိက္ခာလုံခြုံမှုကို ထိခိုက်မှာမို့ ရေရှားမယ့် ဖြစ်ရပ်တွေ၊ ရေကြီးရေလျှံဖြစ်ရပ်တွေအတွက် နိုင်ငံတိုင်း ကြိုတင်ပြင်ဆင်ရမယ်လို့ မြင်ပါတယ်။

ပဉ္စမအနေနဲ့က နည်းပညာ။ စားနပ်ရိက္ခာလုံခြုံမှုရရှိဖို့ စိုက်ပျိုးရေး၊ ရေရရှိရေးတို့မှာ အသုံးပြုတဲ့ နည်းပညာတွေဖြစ်ပါတယ်။ မြန်မာပြည် မိုးရေချိန်ရဲ့ ငါးပုံတစ်ပုံသာ မိုးရေချိန်ရှိတဲ့ အစ္စရေးနိုင်ငံမှာ နည်းပညာတွေနဲ့ သဲကန္တာရထဲမှာတောင် ကောက်ပဲသီးနှံတွေ စိုက်ပျိုးပြီး အစားအသောက်တွေ တင်ပို့နိုင်တယ်။ နောက်ထပ်ဥပမာတစ်ခုကတော့ အင်ဒိုနီးရှားနိုင်ငံမှာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထောက်ပံ့ခဲ့တဲ့ ဆည်မြောင်းစနစ် အုပ်ချုပ်ထိန်းသိမ်းမှုမှာ နည်းပညာတွေအသုံးပြုပြီး စနစ်ရဲ့ စွမ်းဆောင်ရည် (performance)ကို မြှင့်တင်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ် **(အညွှန်း ၄)**။ အများသိတဲ့အတိုင်း စိုက်ပျိုးရေးမှာ ထုတ်လုပ်နိုင်မှုစွမ်းအားဆိုတာက စိုက်ပျိုးရေးသွင်းအားစု (input) တွေဖြစ်တဲ့ မြေဩဇာ၊ ရေပေးနိုင်မှု သာမက နည်းပညာတွေနဲ့လည်း သက်ဆိုင်ပါတယ်။ မျိုးစေ့ကအစ အရည်အသွေးပြည့်ဝတဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးစေ့တွေဖြစ်ဖို့ နည်းပညာတွေလိုအပ်ပါတယ်။

ဆဋ္ဌမအနေနဲ့ စားနပ်ရိက္ခာသိုလှောင်မှုနဲ့ စားနပ်ရိက္ခာပြုန်းတီးမှု။ စားနပ်ရိက္ခာသိုလှောင်တဲ့စနစ်တွေ၊ ပြီးတော့ စားနပ်ရိက္ခာပြုန်းတီးမှုတွေကလည်း စားနပ်ရိက္ခာလုံခြုံရေးအပေါ် သက်ရောက်မှုရှိပါတယ်။ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းပြီး သိုလှောင်ရာမှာ ပျက်စီးပြုန်းတီးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဥပမာ ၁၉၉၅ ခုနှစ် ကျွန်မ နီဂျာ (Niger) နိုင်ငံမှာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နဲ့ ကွင်းဆင်းခဲ့စဉ်က အဲဒီမှ ရွာသူတွေက ကောက်ရိတ်ပြီး လူး၊ ဆပ်၊ ပြောင်းတွေအတွက် သိုလှောင်ရုံကောင်းကောင်း လိုတယ်၊ ရေတွင်းတွေ လိုတယ်ဆိုပြီး အဓိက တောင်းဆိုခဲ့ကြပါတယ်။ ဒ့ါအပြင် အများသိပြီးဖြစ်တဲ့အတိုင်း အစားအသောက်တွေ စားသောက်လို့မကုန်ဘဲ လွှင့်ပစ်ရတာတွေကြောင့်လည်း ကမ္ဘာမှာ စားနပ်ရိက္ခာပြုန်းတီးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals)အနက် နိုင်ငံတွေမှာရှိတဲ့ စားနပ်ရိက္ခာပြုန်းတီးမှုကိုတောင် ညွှန်းကိန်းအနေနဲ့ တိုင်းထွာဖို့ ကြိုးစားနေပါတယ် **(အညွှန်း ၅)**။

သတ္တမအနေနဲ့ စားနပ်ရိက္ခာဖြန့်ဖြူးရေးအပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ လောင်စာဆီနဲ့လမ်းပန်းဆက်သွယ်ရေးတို့က အဓိကပေါ့လေ။

အဋ္ဌမအချက်ကတော့ စားနပ်ရိက္ခာ လုံလောက်မှု ဖြစ်ပါတယ်။ ဒီကိစ္စကို Oxford တက္ကသိုလ်က သုတေသီအဖွဲ့ Our World in Data က ကုလသမဂ္ဂ ကနေရတဲ့ အချက်အလက်တွေကို သုံးသပ်ခဲ့တယ်။ ဘာတွေ့ရသလဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေ ရှစ် ဘီလီယံ ဝန်းကျင်မှာ ကိုးရာခိုင်နှုန်း (သန်း၇၂၀ ဝန်းကျင်) က အစား စားရတာ အင်မတန်နည်းပြီး ဆာလောင်နေကြတယ်။ မြန်မာပြည်မှာတော့ ၂၀၁၉ ခုနှစ်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်းက ဒီလိုဆာလောင်နေတဲ့အခြေအနေရှိတယ်လို့ ဆိုတယ်။ ပြီးတော့ ကမ္ဘာမှာ လူလေးယောက်မှာ တစ်ယောက်က စားချင်သလောက် မစားရဘူး၊ စားနပ်ရိက္ခာလုံခြုံမှုမရှိလို့ သတ်မှတ်ထားတယ်။ မြန်မာပြည်မှာတော့ လူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းက စားနပ်ရိက္ခာလုံခြုံမှုမရှိလို့ ဒီသုတေသီအဖွဲ့က သတ်မှတ်ထားတယ် **(အညွှန်း ၆)**။

လူတစ်ယောက်ကို တစ်နေ့ကို ကီလိုကယ်လိုရီ ၂၁၀၀ စားရမယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့က သတ်မှတ်ထားတာရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် ဒီထက်ပိုနေတယ်။ ၂၆၇၃ ကီလိုကယ်လိုရီရှိနေတယ်။ အစားအသောက်အနေနဲ့ လုံလုံလောက်လောက်ရှိနေတယ်။ ကမ္ဘာ့စံချိန်ထက်တောင် များနေသေးတယ်။ ဒါပေမယ့် ဒါက တစ်နိုင်ငံလုံးအနေနဲ့ ပျမ်းမျှကြည့်တာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်က အစားအသောက်ရဲ့ အရည်အသွေး၊ ကျန်းမာရေးနဲ့ညီညွတ်မှုရှိ/မရှိ တို့ကို ထည့်မစဉ်းစားထားဘူး။

နောက်ဆုံးအချက်ကတော့ အစားအသောက်က ကျန်းမာရေးနဲ့ ညီညွတ်မှုရှိ/မရှိ ဆိုတာကို ပြန်ကြည့်ရင်တော့ ကျွန်မတို့ နိုင်ငံက အများကြီးတိုးတက်ဖို့ လိုပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ အသက် ၅ နှစ်အောက် ကလေးတွေရဲ့ ဖွံ့ဖြိုးမှုဟာ အားနည်းနေပြီး အဏုအာဟာရဓာတ်လို့ခေါ်တဲ့ Micronutrient အားနည်းမှုများကြောင့် ထိုင်းနိုင်ငံက ကလေးများထက် မြန်မာကလေးတွေက ပုညှက်ခြင်း (stunting) ပိုများတယ်။ ကမ္ဘာမှာ ပုညှက်နှုန်းက ၂၂ ရာခိုင်နှုန်း ရှိပေမယ့် မြန်မာမှာ ၂၅ ဒသမ ၂ ရာခိုင်နှုန်းရှိတယ်။ လာအို နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ပိုတောင်ဆိုးသေးတယ်။ ပုညှက်နှုန်းက ၃၀ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၂၉ ဒသမ ၉ ရာခိုင်နှုန်းတို့ဖြစ်တယ်**(အညွှန်း ၇)**။

**မေး ။ ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံခရီးစဉ်အပေါ် သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို သင့်တင့်တဲ့ ဈေးနှုန်းတွေနဲ့ လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်ခြင်းဆိုတဲ့စကားက နိုင်ငံတကာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့လည်း ကိုက်ညီပါတယ်။ စားနပ်ရိက္ခာလုံခြုံရေးကို ဆွေးနွေးတာလည်း မှန်ပါတယ်။ အချိန်အခါနဲ့လည်း ကိုက်ညီပါတယ်။ ရုရှား– ယူကရိန်းစစ်ကြောင့် စားနပ်ရိက္ခာလုံခြုံမှုမရှိဘူးဆိုပြီး ကမ္ဘာနဲ့အဝန်း ပြောဆိုနေကြတယ်။ မြန်မာနိုင်ငံမှာလည်း စားနပ်ရိက္ခာလုံခြုံရေးနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ အများကြီးရှိနေသေးတယ်ဆိုတော့ ဒီအကြောင်းအရာက အင်မတန် အရေးပါတဲ့ကဏ္ဍဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာပြည်သူလူထုက စားနပ်ရိက္ခာလုံခြုံမှုအနေနဲ့ ပတ်သက်ပြီး နားလည်သင့်သလောက် နားမလည်သေးဘူး။ အထူးသဖြင့် food safety, food quality လို့ခေါ်တဲ့ အစားအသောက်နဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်တွေနဲ့ အစားအသောက်ရဲ့ အရည်အသွေးအကြောင်းတွေကို ပိုမိုနားလည်အောင် ကြိုးစားဆောင်ရွက်ဖို့လိုပါမယ်။ လက်ရှိ ကမ္ဘာတစ်ဝန်းလုံးမှာ ကုန်ဈေးနှုန်းတွေ တက်နေတာလည်း ကြီးမားတဲ့ စိန်ခေါ်မှုပါ။

(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်က နိုင်ငံပေါင်း ၉၀ ကျော်က တက်ရောက်ကြတော့ ဒီအကြောင်းအရာကို ဆွေးနွေးတာ မှန်ပါတယ်။ နည်းတဲ့အခွင့်အရေးလည်း မဟုတ်ပါဘူး။

နောက်တစ်ချက်က နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ထားတာ တွေ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဖိတ်ခေါ်တာလည်း အင်မတန်မှန်ပါတယ်။ ဒါပေမယ့်မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံချင်အောင်ဆွဲဆောင်နိုင်ဖို့ မက်လုံးတွေ ပေးဖို့လိုအပ်ပါတယ်။ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေရော၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်ပါ တန်းတူအခွင့်အရေးပေးဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေတဲ့ စိန်ခေါ်မှုတွေကို အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေလာဖို့ ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ဖော်ဆောင်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

*စာမျက်နှာ ၉ သို့*


**အညွှန်းများ**

၁။ https://www.fao.org/3/y4671e/y4671e06.htm
၂။ https://www.sfa.gov.sg/food-farming/sgfoodstory/our-singapore-food-story-the-3-food-baskets
၃။ https://www.actionagainsthunger.org/world-hunger-facts-statistics
၄။ https://www.adb.org/projects/43220-014/main
၅။ https://www.unep.org/thinkeatsave/about/sdg-123-food-waste-index#:~:text=Building%20on%20the%20work%20from%20the%20Food%20Loss,stream%20of%20products%20from%20processing%20through%20to%20consumption.
၆။ https://ourworldindata.org/hunger-and-undernourishment
၇။ https://data.worldbank.org/indicator/SH.STA.STNT.ME.ZS?most_recent_value_desc=true

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ဥတ္တရသီရိ စက်တင်ဘာ ၁၇** ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်း အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး နေပြည်တော်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေး၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညွန့်ယဉ်ယဉ်နွယ်တို့က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဥတ္တရသီရိမြို့နယ် အတွင်းရှိ Sky Fruit သစ်သီးယို စက်ရုံသို့ သွားရောက်ပြီး စက်ရုံလည်ပတ်မှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ကျော်စွာဟိန်း(မြန်/ဆက်)**



*စာမျက်နှာ ၈ မှ*

စာမျက်နှာ ၈ မှ

နောက်တစ်ချက်က ရုရှားနိုင်ငံနဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ရှိမယ်ဆိုတာ အင်မတန်ကောင်းသောသတင်းပါ။ အစိုးရဌာနတွေအနေနဲ့ ဒါကိုအကျိုးရှိရှိအသုံးချပြီးအောင်မြင်လာဖို့က ပြုပြင်ပြောင်းလဲရေး (reform) တွေ လုပ်ဖို့ လိုနေသေးတယ်ဆိုတာကို ပြောချင်ပါတယ်။

အားလုံးကို ခြုံငုံသုံးသပ်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားတဲ့ မိန့်ခွန်းက Focus မှန်ပါတယ်။ ဒီခရီးစဉ်က နိုင်ငံနဲ့ ပြည်သူတွေအတွက် အကျိုးရှိတဲ့ ခရီးစဉ်တစ်ခု ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားခရီးစဉ်မှာ ပြောသွားတဲ့ မိန့်ခွန်းဟာ နိုင်ငံတကာပရိသတ်ကို ဦးတည်ပြောသွားတာ ဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံပရိသတ်များအတွက်လည်း အကျုံးဝင်တဲ့ မိန့်ခွန်းဖြစ်တဲ့အတွက် မြန်မာပရိသတ်တွေအတွက် သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ မိန့်ခွန်းမှာ လူတစ်ယောက်က အစားအစာစားသောက်မှ Energy ရှိမှာ ဖြစ်တဲ့အတွက် Human Energy လိုအပ်ချက်ကို ပြောပါတယ်။ Human Energy ရှိဖို့က Food Security ရှိဖို့လိုတယ် ဆိုတာကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Food Security ရှိဖို့က စွမ်းအင်လုံခြုံမှု Energy Security ရှိဖို့လိုအပ်တဲ့ အကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Energy Security ရှိဖို့က Financial Security ဘဏ္ဍာရေးလုံခြုံမှု ရှိဖို့လိုအပ်တာကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Human Energy, Food Security, Energy Security နဲ့ Financial Security တွေ အားလုံးဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေကြတာဖြစ်ပါတယ်ဆိုတဲ့ မဟာဗျူဟာ ဆက်စပ်မှု လေးခုကို ခြုံငုံပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားသွားတာကို တွေ့ရှိရပါတယ်။ ဒီဆက်နွယ်မှုကိစ္စတွေကို နားလည်တဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကတော့ မိန့်ခွန်းရဲ့ အတိမ်အနက်ကို တွက်ချက်နားလည်နိုင်မယ်လို့ ယူဆပါတယ်။

Financial Security မရှိရင် Food Security အတွက် လိုအပ်တဲ့ မျိုးစေ့၊ နည်းပညာ၊ အထောက်အကူပြုပစ္စည်းတွေ မရနိုင်ဘူး။ ဒီအချက်ကို နိုင်ငံတော်ဝန်ကြီးချုပ် ထောက်ပြသွားရတဲ့ အကြောင်းကတော့ ဒေါ်လာရှိတဲ့သူတွေက ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်တဲ့ အခါ Food Security ကို တိုက်ရိုက်သွားပြီး ထိခိုက်တယ်ဆိုတဲ့ အချက်ဖြစ်သလို အရေးကြီးတဲ့ Human Energy ကို တိုက်ရိုက်ထိခိုက်တယ်ဆိုတဲ့ အချက်ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ Financial Security က Food Security ကို ထိခိုက်မှု ဖြစ်စေတာနဲ့ Human Energy အပေါ် အကျိုးသက်ရောက်မှုတွေကို ကျွန်တော်တို့က အပေါ်ယံလောက်ပဲ နားလည်ကြပေမယ့် နိုင်ငံတကာအသိုင်းအဝိုင်းကတော့ အောက်ခြေအထိ နားလည်ကြမယ်လို့ သုံးသပ်ပါတယ်။

ဒေါ်လာလက်ဝယ် လက်ကိုင်ထားသူတွေက လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခြင်း နောက်ကွယ်က ဆိုးကျိုးတွေကို တားဆီးနိုင်ဖို့ ယွမ်၊ ရူပီး၊ ရူဘယ် စတဲ့နိုင်ငံကြီးတွေက ပိုက်ဆံတွေကို အသုံးပြုပြီး Financial Security ရှိအောင် လုပ်ဆောင်ဖို့ လိုအပ်တာကို အဆိုပြုခြင်း ဖြစ်တယ်လို့ နားလည်ပါတယ်။ Financial Security ရှိမှ Food Security ရှိမယ်။ Food Security ရှိမှ Human Energy ရှိနိုင်မယ်ဆိုတဲ့ ဥပဒေသ တစ်ခုကို (Eastern Economic Forum – EEF) တက်ရောက်လာသူများအား ထောက်ပြခြင်း ဖြစ်ပါတယ်။

Food Security လို့ပြောလိုက်ရင် ကျွန်တော်တို့ မြန်မာပြည်က သာမန်လူတွေ နားလည်တာက ထမင်းတစ်နေ့ကို နှစ်နပ်စားနိုင်တာလောက်ပဲ စဉ်းစားတယ်။ တကယ်တော့ Food Security ဆိုတာ ပေါင်မုန့်တစ်ချပ်ကို ဝယ်ချင်တယ်၊ ဝယ်ချင်တဲ့အချိန်မှာ ဝယ်ဖို့ ပေါင်မုန့်ဆိုင်မှာ ပေါင်မုန့်က ရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီဆိုင်မှာ ရှိနေတဲ့ ပေါင်မုန့်ကလည်း ပုပ်သိုးနေတဲ့ပေါင်မုန့် မဖြစ်ရဘူး။ ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံမှုရှိတဲ့ ပေါင်မုန့်ဖြစ်ကိုဖြစ်ရမယ်။ ဒီအချက်သုံးချက်နဲ့ ထည့်သွင်းစဉ်းစားပြီးမှ Food Security ကို နိုင်ငံတော်ဝန်ကြီးချုပ်က မက်ဆေ့ပေးချင်တာ ဖြစ်တယ်လို့ နားလည်ပါတယ်။

(World Food Program– WFP) ရဲ့ ဩဂုတ်လ နောက်ဆုံးရတဲ့ ဒေတာအရ နိုင်ငံပေါင်း ၈၂ နိုင်ငံမှာ လူဦးရေသန်းပေါင်း ၃၄၅ သန်းက Food Security မရှိတဲ့ နိုင်ငံတွေ ဖြစ်နေပါတယ်။ ဒီနှစ်မကုန်ခင်မှာ လူဦးရေသန်းပေါင်း ၁၅၂ သန်းကို Food Security ရနိုင်ဖို့ WFP က ကြိုးစားနေပြီး ဘတ်ဂျက်က ဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံ လိုအပ်နေပါတယ်။ ဒါပေမယ့် ဩဂုတ်လအထိ ၂၀ ရာခိုင်နှုန်းသာ ရရှိထားပြီး ကျန်တဲ့ သုံးလအတွင်း ၈၀ ရာခိုင်နှုန်းရဖို့က မလွယ်ကူပါဘူး။ ဒါကြောင့် နိုင်ငံပေါင်း ၂၀၀ လောက်ရှိတဲ့ ကမ္ဘာကြီးမှာ နိုင်ငံပေါင်း ၈၀ ကျော် လောက်မှာ Food Insecurity ဖြစ်နေတယ်ဆိုတာကို သိရှိဖို့ လိုအပ်ပါတယ်။

ဒီအချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိနားလည်တဲ့အတွက် သူ့မိန့်ခွန်းမှာ Food Security ပြောနေတာက နိုင်ငံပေါင်း ၈၂ နိုင်ငံက လူဦးရေ သန်းပေါင်း ၃၄၅ သန်းရှိတဲ့ လူဦးရေအတွက် သွယ်ဝိုက်သောနည်းနဲ့ ထောက်ပြထားတာ ဖြစ်ပါတယ်။ မိန့်ခွန်းမှာ နောက်တစ်ချက်ပြောတာက ရုရှားနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြောခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့မိန့်ခွန်းမှာ အကြောင်းအရာတစ်ခု တစ်ခုတိုင်းက အဆင့်လိုက် ကွင်းဆက်နဲ့ ချိတ်ဆက်နေပါတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံမှာဖြစ်စေ၊ ကမ္ဘာ့နိုင်ငံတွေမှာဖြစ်စေ ဘာကြောင့် Food Security မရှိတာလဲဆိုတဲ့ အကြောင်းအရင်းအမြစ်တွေ များစွာရှိပါတယ်။ ပထမအချက်က ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်ပါတယ်။ ကိုဗစ်–၁၉ ကြောင့် စားနပ်ရိက္ခာတွေ ထုတ်မရ၊ ပို့မရ၊ သွင်းမရဖြစ်တဲ့ ကိစ္စတွေကြောင့် ဖြစ်ပါတယ်။ ဒုတိယအချက်က ရာသီဥတုဖောက်ပြန်မှု ပြဿနာဖြစ်ပါတယ်။ နိုင်ငံအချို့မှာ ရေတွေခန်း၊ အချို့မှာ ရေတွေကြီး ဒီလိုရာသီဥတုဖောက်ပြန်မှုပြဿနာတွေက Food Security ကို ထိခိုက်စေပါတယ်။ တတိယအချက်ကတော့ ပဋိပက္ခကြောင့် အချို့နေရာတွေမှာ စားနပ်ရိက္ခာအတွက် ဝန်ဆောင်မှုမလုပ်နိုင်တဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်တွေက Food Security အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ နားလည်ဖို့ လိုပါတယ်။

Food Security ဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ဆိုတဲ့ကိစ္စကို နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေအထားကို အခြေခံပြီး ရှင်းပြထားပါတယ်။ ဥပမာ မြန်မာနိုင်ငံမှာ မြေရှိတယ်၊ ရေရှိတယ်၊ ရာသီဥတုက အဆိုးရွားကြီး မဟုတ်ဘူး။ အဓိက လိုအပ်တာက Energy Security ဖြစ်ပါတယ်။ Food Security အတွက် လိုအပ်တဲ့ Energy Security ဒ့ါအပြင် Financial Security ရှိအောင် ဆောင်ရွက်ဖို့ လိုအပ်ကြောင်းကို ထည့်သွင်းပြောကြားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ရုရှား–မြန်မာနှစ်နိုင်ငံ ပူးပေါင်းပြီး Food Security ရှိအောင် ဆောင်ရွက်ဖို့ အာရှဒေသနိုင်ငံတွေအမြင်နဲ့ ကျန်တဲ့ ကမ္ဘာ့နိုင်ငံတွေအမြင် နှစ်ခုကို ချပြခဲ့တာကို တွေ့ရှိရပါတယ်။

နောက်တစ်ချက်က Food Security, Energy Security, Financial Security ဒီ သုံးခု ရှိရုံနဲ့ မပြီးပါဘူး။ ရုရှားမှာရှိတဲ့ဂျုံက မြန်မာနိုင်ငံရောက်ဖို့အတွက် လမ်းလိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက ဆောင်ရွက်နေတဲ့ BRI နဲ့ ရုရှားနိုင်ငံတို့ ပူးပေါင်းပြီး အာရှဒေသတစ်ခုလုံး Food Security ရဖို့ အကြံပြုသွားတာလို့ ယူဆပါတယ်။ စိုက်ပျိုးမြေ ဧရိယာတွေ များစွာရှိနေတဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်နိုင်ငံအပါအဝင် နိုင်ငံတကာအတွက် Food Security ကောင်းကျိုးဖြစ်နိုင်ကြောင်းကို ထောက်ပြသွားခြင်း ဖြစ်ပါတယ်။

ရုရှားနဲ့ မြန်မာက ဆက်ဆံရေးမှာ စာမျက်နှာ အသစ်တစ်ခု ဖွင့်လိုက်တာက ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဖြစ်ပါတယ်။ ရုရှား–မြန်မာ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းမှုက နှစ်ပေါင်းများစွာ ကြာပြီဖြစ်တယ်ဆိုတာ အများစုက သိပြီးသားဖြစ်ပါတယ်။ အခုက စစ်ဘက်ဆိုင်ရာ တစ်ခုတည်း မဟုတ်ဘဲ ပညာရေးဆိုင်ရာ ပူးပေါင်းမှု၊ ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းမှု စာချွန်လွှာတွေ လက်မှတ်များ ရေးထိုးကြတယ်။ ဒီခရီးစဉ်မှာ နိုင်ငံတကာ ဆက်ဆံရေးမှာ အောင်မြင်မှုရတယ်လို့ သုံးသပ်ပါတယ်။ ပထမအချက်က ခုနကပြောခဲ့တဲ့ နိုင်ငံပေါင်း ၈၂ နိုင်ငံမှာ Food Security မရှိဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး နိုင်ငံတကာရဲ့ စိုးရိမ်ပူပန်မှုကို ဘယ်လိုအဖြေရှာ ကျော်ဖြတ်နိုင်မလဲဆိုတာကို နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပြခြင်းနဲ့ နည်းလမ်းတွေကို ပြောကြားသွားပါတယ်။ ဒုတိယအချက်အနေနဲ့ မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုတာကို ယထာဘူတကျကျ တင်ပြနိုင်တဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဒီခရီးစဉ်က အတော်အောင်မြင်တဲ့ ခရီးစဉ်ဖြစ်ပါတယ်လို့ သုံးသပ်ရပါတယ်။

ရုရှားသမ္မတ ပြောတဲ့အထဲမှာ မြန်မာနဲ့ရုရှား သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်တဲ့ ပွဲကို ကျင်းပသွားမယ်ဆိုတာပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်က ဒီလိုပြောဆိုမှုဆိုတာ နိုင်ငံတကာဆက်ဆံရေးမှာ ကြီးမားတဲ့လေးစားဂုဏ်ပြုဆက်ဆံခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်က အရှေ့တောင်အာရှဒေသမှာ မြန်မာနိုင်ငံက ယုံကြည်စိတ်ချရတဲ့ ကာလရှည် မိတ်ဖက်နိုင်ငံတစ်ခုဖြစ်တယ်လို့ ပြောကြားခြင်းကလည်း အရေးပါတဲ့ အသိအမှတ်ပြုခြင်း ဖြစ်ပါတယ်။ အရှေ့တောင်အာရှ နိုင်ငံပေါင်း ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံဟာ ယုံကြည်အားထားရတဲ့ မဟာမိတ်ဖြစ်တယ်ဆိုတဲ့အချက်ဟာ နိုင်ငံတကာဆက်ဆံရေးမှာ အရေးကြီးတဲ့ Statement တစ်ခု ဖြစ်ပါတယ်။

နောက်တစ်ချက်က သမ္မတပူတင် ပြောသွားတဲ့ နှစ်နိုင်ငံကုန်သွယ်ရေးနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မယ်ဆိုတာက အတော်ကျယ်ပြန့်ပါတယ်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှာ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသဖြင့် ခေါင်းစဉ်ကြီး နှစ်ခုအောက်မှာ ခေါင်းစဉ်အသေးများစွာ ရှိပါတယ်။

အသိအမှတ်ပြုခြင်း၊ သဘောတူညီချက်များ လက်မှတ်ထိုးနိုင်ခြင်း၊ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း စတဲ့ခေါင်းစဉ်ကြီး တစ်ခုအောက်မှာ အကောင်အထည်ဖော်ဆောင်ရမယ့် ခေါင်းစဉ်ငယ်များစွာ ရှိပါတယ်။ ဒါတွေကို မသိနားမလည်သူတွေကတော့ ဦးနှောက်ကို အသုံးမချဘဲ၊ အဖျက်သဘော ခံစားချက်နဲ့ ဒီခရီးစဉ်ကို သုံးသပ်ဝေဖန်နေမှာ ဖြစ်ပါတယ်။ အဆိုးမြင်နေသူတွေကို ကျွန်တော်မေးခွန်းတစ်ခုပဲ ပြန်ပြီးမေးချင်ပါတယ်။ ခင်ဗျားတို့ မြန်မာနိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ကုန်သွယ်ရေး၊ စီးပွားရေး၊ နည်းပညာဆိုင်ရာ သဘောတူညီမှု စာချုပ်တွေကို ဘယ်နိုင်ငံတွေနဲ့ ဘယ်နှခုများ ချုပ်ဆိုခဲ့ပြီးပြီလဲ၊ အမိမြန်မာနိုင်ငံတော်ရဲ့ ကောင်းကျိုးအတွက် ဘာတွေများ လုပ်ဆောင်ပြနိုင်သလဲ ဆိုတာပါပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံခြားဝင်ငွေရရှိဖို့ ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးကြပါစို့

မော်ကျွန်းမြင့်အောင်

**မြန်မာနိုင်ငံ၌ ကော်ဖီကို ပြည်သူများ စွဲစွဲမက်မက် သောက်သုံးကြသည်။ နံနက်ပိုင်းစားသောက်ဖွယ်အဖြစ် ကော်ဖီကို ကော်ဖီဆိုင်၌လည်းကောင်း၊ မိမိနေအိမ်၌လည်းကောင်း သောက်သုံးသော အလေ့အထရှိကြသည်။ ကော်ဖီ၏ ထူးကဲစွဲမက်ဖွယ် အရသာကြောင့် ကော်ဖီချစ်သူတို့ ကော်ဖီကို စွဲစွဲမက်မက် သောက်သုံးနေကြခြင်းဖြစ်သည်။ ကော်ဖီသည် သောက်သုံးသူ၏ စိတ်နှလုံးကို ကြည်လင်လန်းဆန်းစေသည်။ ခွန်အားကို တိုးစေသည်။ အကြံဉာဏ်နှင့် စိတ်ကူးသစ်များ ပေါ်ပေါက်စေသည်။**

ကော်ဖီ၏ ထူးကဲသောအရသာကြောင့် ကမ္ဘာတစ်ဝန်း ကော်ဖီသောက်သုံးသည့် နိုင်ငံအများအပြား ရှိကြသည်။ ကမ္ဘာ့ကော်ဖီအများဆုံး သောက်သုံးသော နိုင်ငံများစာရင်းတွင် အီးယူဟုခေါ်သော ဥရောပနိုင်ငံများက ပထမအများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်သည်။ တတိယအများဆုံးမှာ ဂျပန်နိုင်ငံဖြစ်သည်။ ။

စာရေးသူတို့ မြန်မာနိုင်ငံသည်လည်း ကော်ဖီကြိုက်နှစ်သက်သော နိုင်ငံများစာရင်းတွင် အပါအဝင်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး၌ ကော်ဖီသီးနှံစိုက်ဧကပေါင်း ၄၉၉၅၁ ဧက လက်ရှိစိုက်ပျိုးထားသည်။ တစ်နှစ်ပတ်လုံး ကော်ဖီထွက်ရှိမှုမှာ တန်ချိန် ၉၀၀၀ ကျော် ထွက်ရှိသည်။ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၆ သန်းခန့် ရရှိနေသည်။

### ကော်ဖီမှ ပြည်ပထွက်ငွေ

သို့သော်လည်း ပြည်ပနိုင်ငံများမှ ကော်ဖီမှုန့်များကို မြန်မာနိုင်ငံက ဝယ်ယူလျက်ရှိရာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုး ကော်ဖီမှုန့်များ ဝယ်ယူတင်သွင်းနေရသည်။ မြန်မာနိုင်ငံက ပြည်ပမှဝယ်ယူသည့် ကော်ဖီမှုန့်မှာ သန်း ၅၀ ဖိုး ဖြစ်သောကြောင့် ပြည်ပမှတင်သွင်းမှုနှင့် ထွက်ရှိမှုကို နှိုင်းယှဉ်ကြည့်ပါက ကော်ဖီမှ ပြည်ပထွက်ငွေ ရှိနေသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတစ်ဝန်း ကော်ဖီသီးနှံစိုက်ပျိုးခြင်းမှ နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် ဘက်ပေါင်းစုံမှ စွမ်းအားညီညီ အားမာန်ချီကာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ကော်ဖီစိုက်ပျိုးခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သည်။ သစ်တောများ ရှင်သန်ဖြစ်ထွန်းစေသည်။ ရာသီဥတုကို မျှတကောင်းမွန်စေသည့်အပြင် ကော်ဖီစိုက်ပျိုးသူ တောင်သူများအတွက်လည်း အကျိုးအမြတ်များ ရရှိစေပါသည်။

### မြန်မာနိုင်ငံ၌ စိုက်ပျိုးသောကော်ဖီ နှစ်မျိုး

မြန်မာနိုင်ငံ၌ စိုက်ပျိုးသောကော်ဖီမှာ နှစ်မျိုးနှစ်စားရှိသည်။ လွယ်လွယ်မှတ်မည်ဆိုလျှင် တောင်ပေါ်၌ စိုက်ပျိုးသော ကော်ဖီ (တောင်ပေါ်ကော်ဖီ) နှင့် တောင်အောက်မြေပြန့်၌ စိုက်ပျိုးသောကော်ဖီ (မြေပြန့်ကော်ဖီ)ဟူ၍ ခွဲခြားစိုက်ပျိုးကြသည်။



စိုက်ပျိုးအောင်မြင်နေသော ကော်ဖီပင်တစ်ပင်မှ ကော်ဖီသီးများ။

**❍ ကော်ဖီသည် အရင်းအနှီးကြီးသော်လည်း စိုက်ပျိုးသင့်သော သီးနှံပင် တစ်မျိုးဖြစ်သည်။ နှစ်ရှည်သီးနှံမျိုးဖြစ်သောကြောင့် သက်တမ်း ၁၆ နှစ်အထိ တောင်သူကို အမြတ်များများရအောင် ဝင်ငွေရှာပေးသော သီးနှံမျိုးလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံခြားဈေးကွက်ရှိနေသဖြင့် နိုင်ငံတစ်ဝန်းမှ တောင်သူများအနေဖြင့် လက်ရှိစိုက်ပျိုးနေသော ဇုန်နယ်မြေအလိုက် စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးကြရန် လိုပါသည်**

တောင်ပေါ်ဒေသ၏ ရာသီဥတုကို ကြိုက်နှစ်သက်သော တောင်ပေါ်ကော်ဖီကို အာရေဗီးကားဟုခေါ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ မှ ၆၀၀၀ အတွင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကြသည်။ တောင်ပေါ်ကော်ဖီကို ကော်ဖီစိုက်တောင်သူတို့က ကချင်ပြည်နယ် မြစ်ကြီးနား၊ ပူတာအိုနှင့် ဗန်းမော်ဒေသတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်နှင့် ပြင်ဦးလွင်ဒေသတို့၌လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်၊ ကျိုင်းတုံ၊ လွိုင်မွေ၊ ရပ်စောက်၊ နောင်ချို၊ ပင်းတယ၊ ရွာငံ၊ ဟိုပုန်း၊ နောင်တရားနှင့် ပင်လောင်းဒေသတို့၌လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်၊ ဒီမော့ဆိုတို့၌လည်းကောင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး အနောက်ခြမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းတို့၌လည်းကောင်း စိုက်ပျိုးကြရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြသည်။

ရိုဘတ်စတာဟုခေါ်သော မြေပြန့်ကော်ဖီကိုမူ ကရင်ပြည်နယ် လိပ်သို၊ သံတောင်ကြီးဒေသ၌လည်းကောင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌လည်းကောင်း စိုက်ပျိုး၍ အောင်မြင်မှုရရှိနေသည်။

### ကော်ဖီပင် စိုက်ပျိုးမည်ဆိုလျှင်

ကော်ဖီစိုက်ပျိုးကြသည့် နိုင်ငံတစ်ဝန်းမှ တောင်သူများ အထူးသတိပြုရန်အချက်မှာ ကော်ဖီပင်ကို စိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးမည့်မြေပတ်ဝန်းကျင်ကို ပထမဦးစွာ ရှင်းလင်းထားရမည်ဖြစ်သည်။ ကော်ဖီပင်သည် အရိပ်ရအပင်အောက်၌သာ စိုက်ပျိုးဖြစ်ထွန်းသော အပင်မျိုးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးရန် ဇုန်နယ်မြေများ ခွဲခြားသတ်မှတ်ပြီး ငါးနှစ်အတွင်း ကော်ဖီဧက သုံးသိန်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၃၂ သန်းအနည်းဆုံး ရရှိနိုင်မည်ဖြစ်သည်။ ကော်ဖီစိုက်တောင်သူများအနေဖြင့် အမြတ်များများရလိုပါက အရင်းအနှီးများများ စိုက်ထုတ်ရမည်ဖြစ်သည်။ ကော်ဖီသီးနှံ စတင်စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ်သိန်း ၂၀ ကုန်ကျမည် ဖြစ်သည်။ ပထမဆုံး စိုက်ပျိုးသောနှစ်တွင် ကျင်းတူးခြင်း၊ ပျိုးပင်ဝယ်ယူခြင်းနှင့် မြေဩဇာကျွေးခြင်းစသော လုပ်ငန်းများအတွက် ကုန်ကျစရိတ်များ ရှိနေမည် ဖြစ်သည်။

### အကျိုးအမြတ်များစွာ ခံစားကြရမည်

ပထမဆုံးနှစ်တွင် ပြည့်စုံအောင် ဆောင်ရွက်ပေးပါက နောက်နှစ်များတွင် ကုန်ကျစရိတ် သက်သာသွားမည် ဖြစ်သည်။ ကော်ဖီပင် အောင်မြင်ရှင်သန်စေရန် ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့အတွက် တစ်နှစ်လျှင် ကျပ် သုံးသိန်းမျှသာ အကုန်အကျခံရမည်ဖြစ်သည်။ ကော်ဖီပင် စိုက်ပျိုး၍ လေးနှစ်သက်တမ်းရောက်ရှိလာသောအခါ ကော်ဖီသီးသီးမည်ဖြစ်သည်။ ကော်ဖီသီးကို စတင်ခူးရမည်ဖြစ်ပြီး ပထမဆုံးခူးသောနှစ်တွင် ဝင်ငွေ ကျပ်ရှစ်သိန်းခန့် ရရှိမည်ဖြစ်သည်။ ကော်ဖီပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်သို့ ရောက်သောအခါ ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး တစ်နှစ်လျှင် ကျပ် ၁၂ သိန်းစီ ဝင်လာမည်ဖြစ်၍ တောင်သူများ ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်အားလုံးကျေမည့်အပြင် အမြတ်ဝင်ငွေများ ရရှိနေမည်သာဖြစ်သည်။ ကော်ဖီပင်သက်တမ်း ကိုးနှစ်ကျော်မှစပြီး တစ်ဧကလျှင် ကျပ်သိန်း ၂၀ ဝင်မည်ဖြစ်၍ တောင်သူတို့ အကျိုးအမြတ်များစွာ ခံစားကြရမည်ဖြစ်သည်။

သို့အတွက်ကြောင့် မြန်မာနိုင်ငံ၏ ရေမြေ ရာသီဥတုနှင့် ကိုက်ညီသော အရပ်ဒေသများ၌ ကော်ဖီစိုက်ပျိုးကြရန် လိုပါသည်။ ကော်ဖီစိုက်ပျိုးသူ တောင်သူ၏ ငွေအရင်းအနှီးအပေါ် မူတည်၍ အကျိုးအမြတ် အနည်းအများ ကွာခြားနိုင်ပါသည်။ များများရင်းနိုင်သော တောင်သူသည် အကျိုးအမြတ်များများ ရရှိမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကော်ဖီပင်သည် အပင်သက်တမ်း လေးနှစ်မှ စတင်၍ ၁၆ နှစ်အထိ စိုက်ပျိုးသူ တောင်သူများအား အကျိုးပြုသောကြောင့်ဖြစ်သည်။

### ကော်ဖီမှ နိုင်ငံခြားဝင်ငွေ ရရှိရေး

ကော်ဖီမှ နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက်လည်း စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ မြန်မာ့ကော်ဖီ၏ အရည်အသွေးမြင့်မားပြီး ကမ္ဘာ့ဈေးကွက်၌ နာမည်ရ မြန်မာ့ကော်ဖီဖြစ်လာအောင် ထုပ်ပိုးမှုမှစ၍ ခေတ်မီဆန်းသစ်သော ဒီဇိုင်းပုံစံများဖြင့် ဝယ်ယူသူ စွဲမက်ဖွယ်ဖြစ်အောင် စီမံပြင်ဆင်ထားကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ထဲ၌ ထာဝရရပ်တည်နိုင်မည်ဖြစ်သည်။

အနှစ်ချုပ်တင်ပြရလျှင် ကော်ဖီသည် အရင်းအနှီးကြီးသော်လည်း စိုက်ပျိုးသင့်သော သီးနှံပင် တစ်မျိုးဖြစ်သည်။ နှစ်ရှည်သီးနှံမျိုး ဖြစ်သောကြောင့် သက်တမ်း ၁၆ နှစ်အထိ တောင်သူကို အမြတ်များများရအောင် ဝင်ငွေရှာပေးသော သီးနှံမျိုးလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံခြားဈေးကွက်ရှိနေသဖြင့် နိုင်ငံတစ်ဝန်းမှ တောင်သူများအနေဖြင့် လက်ရှိစိုက်ပျိုးနေသော ဇုန်နယ်မြေအလိုက် စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးကြရန် လိုပါသည်။ ကော်ဖီမှ နိုင်ငံခြားဝင်ငွေရရှိလာပါလျှင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက် စည်ပင်လာမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးသူ တောင်သူများအနေဖြင့်လည်း ဝင်ငွေတိုးပွားအကျိုးများပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်မှာ ကေန်မလွဲဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း ကော်ဖီစိုက်ဧကများ တိုးတက်လာပါက ကော်ဖီတစ်ခေတ် ဆန်းသစ်လာမည်ဖြစ်၍ နိုင်ငံခြားဝင်ငွေရရှိဖို့ ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးကြပါစို့ဟု နှိုးဆော်တိုက်တွန်း ရေးသားတင်ပြလိုက်ရပေသည်။ ။



ဈေးကွက်ရောင်းတမ်းဝင် ကော်ဖီသီးများကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံနေမှု ကြည့်ရှုအားပေး

**စစ်တွေ စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ ရက်က စစ်တွေမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရေတပ်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်း(Booster Dose) ထိုးနှံနေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရေတပ်ကျောင်း၌ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်း၊ အပိုဆောင်းထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်နိုင်မည့် အခြေအနေ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့သားသမီး၊ တပည့်များ၏ပညာရေး အခွင့်အလမ်းအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ် မြို့နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသော အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား အပိုဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံလျက်ရှိရာ ကာကွယ်ဆေးထိုးနှံရန်ရည်မှန်း ကျောင်းသား ကျောင်းသူ ၁၄၀၂၇၈ ဦးရှိပြီး စက်တင်ဘာ ၁၄ ရက်အထိ ၇၉၅၀၉ ဦး ထိုးနှံပြီးဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❒ ***ရှေ့ဖုံးမှ***

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရှိ မြို့နယ်တစ်မြို့နယ်၊ မှော်ဘီခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ လှည်းကူးခရိုင်ရှိ မြို့နယ် တစ်မြို့နယ်၊မင်္ဂလာဒုံခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ အင်းစိန်ခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ မရမ်းကုန်းခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ အလုံခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ ကျောက်တံတားခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ဒဂုံမြို့သစ်ခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ သဃ်န်းကျွန်းခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ တွံတေးခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ဗိုလ်တထောင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ကမာရွတ်ခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ သန်လျင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီ ပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❍ ***ကျောဖုံးမှ***

ယခင်ရေးဆွဲထားသည့်ပွဲစဉ်အရ ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ နိုဝင်ဘာ ၆ ရက်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း ပွဲစဉ်အပြောင်းအလဲကြောင့် နိုဝင်ဘာ ၁၆ ရက်မှ ပြီးဆုံးမည်ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အတွင်းကျင်းပမည့် MNL ပွဲစဉ် (၁၂) ငါးပွဲအနက် လေးပွဲ၊ စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အတွင်းကျင်းပမည့် MNL ပွဲစဉ် (၁၃) ငါးပွဲအနက် လေးပွဲတို့ ရွှေ့ဆိုင်းသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်တွင် မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် မဟာယူနိုက်တက်အသင်းနှင့် GFA ပွဲစဉ်တို့ကိုသာ ပြုလုပ်သွားမည်ဖြစ်သည်။ အောက်တိုဘာ ၁ ရက်တွင်မူ ပြိုင်ပွဲကို ပုံမှန်အတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ယခင်ရေးဆွဲထားသည့် ပွဲစဉ်အတိုင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၏ ထုတ်ပြန်မှုအရ ပွဲစဉ် (၁၂) မှ ရွှေ့ဆိုင်းထားသည့်ပွဲများအနက် GFA နှင့် ရှမ်းယူနိုက်တက်ပွဲကို နိုဝင်ဘာ ၆ ရက်၊ ရတနာပုံနှင့် ရန်ကုန်ပွဲကို နိုဝင်ဘာ ၇ ရက်၊ အား/ကာသိပ္ပံနှင့် မြဝတီပွဲကို နိုဝင်ဘာ ၈ ရက်၊ ရခိုင်ယူနိုက်တက်နှင့် ဧရာဝတီပွဲကို နိုဝင်ဘာ ၉ ရက်၊ ပွဲစဉ် (၁၃) မှ ရွှေ့ဆိုင်းထားသည့်ပွဲများအနက် ရတနာပုံနှင့် ဟံသာဝတီပွဲကို နိုဝင်ဘာ ၁၂ ရက်၊ ရှမ်းယူနိုက်တက်နှင့် အား/ကာသိပ္ပံပွဲကို နိုဝင်ဘာ ၁၃ ရက်၊ ရခိုင်နှင့် မြဝတီပွဲကို နိုဝင်ဘာ ၁၅ ရက်၊ ရန်ကုန်နှင့် ဧရာဝတီ ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - သော်ကြီး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$)၊ Sulphur Dioxide ($SO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့၊ တာချီလိတ်မြို့နှင့် လားရှိုးမြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား **Air Quality Index (AQI)** ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

*(ယမန်နေ့မှအဆက်)*

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုင်ဒိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁၁ | ရှမ်းပြည်နယ် | | | | | | |
| | ၁ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | – | ကောင်းမွန် | ထိခိုက်စေနိုင် | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | – | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၃၁၆၀ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၈၈၀ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၀၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၀၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၅၀ |
| 95 Ron | ၂၁၆၁ | ၂၂၃၈ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၀ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## Cash For Work စီမံကိန်းဖြင့် ကျေးရွာအဝင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်

**သရက်ချောင်း စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ဆင်ကူးကျေးရွာအုပ်စု ဘုတ်ကိုင်းကျေးရွာ ရွာအဝင်ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာစီမံကိန်းကော်မတီများနှင့်အတူ ဘုတ်ကိုင်းကျေးရွာ၌ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်း ပြီးစီးသွားသော်လည်း လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကို လုပ်ငန်းရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထည့်သွင်းရေးဆွဲထားရန် လိုအပ်ကြောင်းနှင့် ရေရှည်အသုံးပြုနိုင်ရေး ရပ်ရွာလူထုမှ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကိုပြည့်(ကျေးလက်)

# ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်သို့ ဒုံးကျည်များဖြင့် အစ္စရေး ပစ်ခတ်တိုက်ခိုက်

**ဒမတ်စကတ် စက်တင်ဘာ ၁၇**

အစ္စရေးနိုင်ငံသည် စက်တင်ဘာ ၁၆ ရက် သန်းခေါင်ယံနောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ရှိ စစ်စခန်းများသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြား၏ ဖော်ပြချက်အရ သိရသည်။

ဆီးရီးယားလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့သည် အစ္စရေးပစ်လွှတ်လိုက်သော ဒုံးကျည်အများအပြားကို ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အစ္စရေးသည် ဒမတ်စကတ်မြို့ တောင်ပိုင်းရှိ ကျေးလက်ဒေသများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ပေါက်ကွဲသံများ ကျယ်လောင်စွာ ကြားရသော်လည်း အသေးစိတ် အချက်အလက်များကိုမူ ဖော်ပြထားခြင်း မရှိပေ။

အစ္စရေး၏ အဆိုပါ တိုက်ခိုက်မှုသည် လက်ဘနွန် အခြေစိုက်ရှီးယိုက်လှုပ်ရှားမှုနှင့် ဟဇ်ဘိုလာတို့ ရှိရာ ဒမတ်စကတ်မြို့တောင်ပိုင်း ကျေးလက်ဒေသနှင့် ဆေရီဒါဇိနက် ဒေသတို့ကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။



အစ္စရေးနိုင်ငံသည် ယခုနှစ်အတွင်း ဆီးရီးယားနိုင်ငံတွင်းသို့ ဒုံးကျည်ပစ်ခတ်မှု ၂၅ ကြိမ် ပြုလုပ်ခဲ့ပြီး အစိုးရစစ်သား ၂၇ ဦးသေဆုံးကာ အရပ်သား ထိခိုက်ဒဏ်ရာရရှိသူ ၂၃ ဦးရှိကြောင်း သိရသည်။ ထို့အပြင် အစ္စရေးနိုင်ငံ၏ အဆိုပါပစ်ခတ်တိုက်ခိုက်မှုအတွင်း အဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဌာနချုပ်များနှင့် ယာဉ်များအပါအဝင် ပစ်မှတ် ၇၃ ခုခန့်ကို ထိခိုက်ပျက်စီးခဲ့ကြောင်း အဆိုပါ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။**ဆင်ဟွာ**

# ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၃၆၃ ဦးတွေ့ရှိ

**အော့တဝါ စက်တင်ဘာ ၁၇**

ကနေဒါနိုင်ငံတွင် ဆေးရုံတက်ရောက်နေသူ ၃၈ ဦး အပါအဝင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၃၆၃ ဦးတွေ့ရှိကြောင်း ကနေဒါပြည်သူ့ကျန်းမာရေး အေဂျင်စီက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများမှာ အွန်တာရီယိုပြည်နယ်တွင် ၆၅၆ ဦး၊ ကွီဘက်စ်ပြည်နယ်တွင် ၅၁၅ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၁၅၀၊ အယ်ဘာတာပြည်နယ်တွင် ၃၄ ဦး၊ ဆာကက်ချီဝမ်ပြည်နယ်တွင် သုံးဦး၊ ယုကွန်ပြည်နယ်တွင် နှစ်ဦး၊ နိုဗာစကိုတီယာ၊ မန်နီတိုဘာနှင့် နယူးဘရွန်စဝစ်တို့တွင် တစ်ဦးစီတို့ဖြစ်ကြကြောင်း ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

လူဦးရေအထူထပ်ဆုံး ပြည်နယ်များတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရမှုနှုန်းမှာ သိသိသာသာ လျော့နည်းလာကြောင်း အွန်တာရီယိုပြည်နယ်၏ ကျန်းမာရေးအရာရှိချုပ် ဒေါက်တာကီရန်မောက ပြောကြားသည်။

ဆင်ဟွာ

# နီပေါနိုင်ငံ၌ မြေပြိုမှုဖြစ်ပွား၊ ၁၇ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးနေ

**ခတ္တမန္ဒူ စက်တင်ဘာ ၁၇**

နီပေါနိုင်ငံ အာဟမ်ခရိုင်တွင် မြေပြိုကျမှု ဖြစ်ပွားရာ ၁၇ ဦး ထက်မနည်း သေဆုံးပြီး ငါးဦး ပျောက်ဆုံးနေကြောင်း ဒေသတွင်း အာဏာပိုင်များက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ညအချိန်တွင်မြေပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံအနောက်ပိုင်းရှိ ခရိုင်သုံးခုတွင် နေအိမ်များမျောပါသွားကြောင်း သိရသည်။

ကယ်ဆယ်ရေး အဖွဲ့များသည် သေဆုံးသူ ၁၇ ဦး၏ ရုပ်အလောင်းများကို ဆယ်ယူရရှိထားပြီး ဒဏ်ရာရရှိသူ ၁၁ ဦးကို အခင်းဖြစ်ပွားရာနေရာမှ ကယ်ဆယ်နိုင်ခဲ့ကြောင်း ခရိုင် တာဝန်ရှိသူတစ်ဦးဖြစ်သူ မင်းရာ့အာချာရာက ပြောကြားသည်။



ဒဏ်ရာရရှိသူများ အနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်သော အခြေအနေတွင်ရှိပြီး အိမ်နီးချင်းပြည်နယ်သို့ ဆေးကုသမှုခံယူရန်အတွက် လေကြောင်းဖြင့် သယ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

နီပေါနိုင်ငံသည် တောင်ထူထပ်သည့် နိုင်ငံဖြစ်သောကြောင့် မုတ်သုံရာသီအတွင်း မြေပြိုခြင်းနှင့် ရုတ်တရက် ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၄၇၉ ဦး စစ်ဆေးတွေ့ရှိ၊ တစ်ဦးသေဆုံး



**ဟနွိုင်း စက်တင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်၌ ကိုဗစ်-၁၉ ရောဂါထပ်မံ ကူးစက်ခံရသူ ၂၄၇၉ ဦး စစ်ဆေးတွေ့ရှိပြီး စက်တင်ဘာ ၁၆ ရက်ကထက် ၆၀၁ ဦး ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများ ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၁၃၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁၇ ရက်အထိ ရောဂါပြင်းထန်ပြီး အသက်ရှူကိရိယာ တပ်ဆင်ရန် လိုအပ်သူ ၁၅၃ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကနိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်၊ ၂၁ ဦး သေဆုံး

**ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၁၇ –** တောင်အာဖရိကနိုင်ငံ မြောက်ပိုင်း ကွာဇူလူနာတယ်ဒေသတွင် ယာဉ်မတော်တဆမှုကြောင့် ကျောင်းသား ကျောင်းသူ ၁၉ ဦး အပါအဝင် ၂၁ ဦး သေဆုံးမှုဖြစ်ပွားကြောင်း အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများအဖွဲ့ (အီးအမ်အက်စ်) က စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်သည် ထရပ်ကားတစ်စီးမှ အခြားထရပ်ကားတစ်စီးကို ကျော်တက်ရာတွင် ကျောင်းမှအိမ်သို့ ပြန်လာသော ကျောင်းကားနှင့် တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဇန်နဝါရီမှ ဩဂုတ်အတွင်း တရုတ်၏ ရေနံစိမ်းထွက်ရှိမှု တိုးလာ

**ပေကျင်း စက်တင်ဘာ ၁၇ –** တရုတ်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှုသည် ၂၀၂၂ ခုနှစ် ပထမ ရှစ်လပတ်တွင် တစ်နှစ်ထက် တစ်နှစ် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တရားဝင်အချက်အလက်များတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရေနံစိမ်းထွက်ရှိမှုစုစုပေါင်း တန်ချိန် ၁၃၆ ဒသမ ၉၄ သန်းရှိကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ထားသည်။

အလားတူကာလတွင် တရုတ်နိုင်ငံမှ ရေနံစိမ်းတန်ချိန် ၃၃၀ ဒသမ ၁၈ သန်း တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဩဂုတ်လတစ်လတည်းတွင်ပင် တရုတ်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှုသည် တန်ချိန် ၁၆ ဒသမ ၉၄ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယမြောက်ပိုင်းတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၂၀ ကျော် သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၇ –** အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် လွန်ခဲ့သည့် ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ရာ အဆိုပါ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် သေဆုံးသူ ၂၀ ကျော်နှင့် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာက စက်တင်ဘာ ၁၇ ရက်တွင် ပြောသည်။ **ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တံတားဦးမြို့နယ်ရှိ အောက်ဆီဂျင်စက်ရုံ ရေရှည်လည်ပတ်နိုင်ရန်ဆောင်ရွက်

**တံတားဦး စက်တင်ဘာ ၁၇**

တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် သုခိတ ကမ္ဘောဇဗိမာန်အတွင်းရှိ အောက်ဆီဂျင် စက်ရုံလည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်က သွားရောက်ကြည့်ရှုပြီး စက်ရုံရေရှည်တည်တံ့ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက အောက်ဆီဂျင်စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နေ့စဉ်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် ရေရှည်တည်တံ့လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အောက်ဆီဂျင်လိုအပ်ချက်ရှိသူများကို အောက်ဆီဂျင်အိုးများ ငှားရမ်းဆောင်ရွက်မှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



တံတားဦးမြို့နယ်၌ မြို့မိမြို့ဖများ၏ ဦးဆောင်မှုနှင့် စေတနာရှင်အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို တည်ဆောက်ထားရှိပြီး အောက်ဆီဂျင်စက်ရုံမှနာရီပေါင်း ၂၀ တွင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုးအလုံးပေါင်း ၈၀ ကို ထုတ်လုပ်နိုင်ကြောင်း၊ လိုအပ်ချက်ထက်ပိုလျှံသဖြင့် အခြားမြို့ရွာများသို့လည်း လှူဒါန်းပေးနိုင်ကြောင်း၊ အဆိုပါစက်ရုံကို မြို့နယ်သူ မြို့နယ်သားများ စုပေါင်းတည်ဆောက်ထားခြင်းဖြစ်ပြီး အောက်ဆီဂျင်လိုအပ်သူများအတွက် အလှူငွေထည့်ဝင်စေ၍ အောက်ဆီဂျင်များ ကူညီပေးနေကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အနော်ရထာလမ်းမကြီး တစ်လျှောက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်နေစဉ်။

ကျော်ဆန်းမြင့်

## မြို့နယ်များ၌ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေး

### လှည်းကူး

လှည်းကူးမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးခြင်းကို စက်တင်ဘာ ၁၅ ရက်က လှည်းကူးမြို့ မြို့မဈေးကြီးရှေ့၊ အမှတ်(၁) YBS ကားဂိတ်နှင့် ယင်းတိုက်ပင် အခြေခံပညာမူလတန်းကျောင်းတို့၌ ဆောင်ရွက်ခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း စနစ်တကျနေထိုင်ရေးနှင့် ကာကွယ်ဆေးအကြိမ် ပြည့်ဝစွာထိုးနှံရေး အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အေးအေးနွဲ့(ပြန်/ဆက်)

### မိုင်းယန်း

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်သည်။ မိုင်းယန်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟော၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့ ဦးဆောင်သည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိုင်းယန်းပန်းခြံလမ်းဆုံ၌ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုဗစ်- ၁၉ ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် နေအိမ်ပြင်ပထွက်တိုင်း စနစ်တကျ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ခွန်ရဲထွေး(ဆီဆိုင်)

### ကော့သောင်း

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် လမ်းထွက်သွားလာနေကြသူများအား နှာခေါင်းစည်းများ လိုက်လံဝေငှပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုတစ်ရပ်ကို ကော့သောင်းမြို့ နာရီစင်လမ်းဆုံ၌ စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်သည်။

ကျော်စိုး (ကော့သောင်း)

## အုတ်တွင်းမြို့နယ်၌ ကိုဗစ် - ၁၉ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေး

**အုတ်တွင်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး(Booster Dose)များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနက နေ့စဉ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၁၆ ရက်တွင် လူစည်ကားရာ မြို့မဈေးကြီးအတွင်းရှိဒေသခံပြည်သူများအား ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက် ပေးကြသည်။



အုတ်တွင်းမြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါကူးစက်ပြန့်ပွားမှုကင်းဝေးစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ကျန်းမာရေး ဝန်ထမ်းများက နေ့စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသလို ဈေးရပ်ကွက်ရှိ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ပိတ်ရက်မရှိ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသည့် ဒေသခံပြည်သူများအနေဖြင့် မဖြစ်မနေ ကာကွယ်ဆေး ထိုးနှံနိုင်ရေးနှင့် နေအိမ်ပြင်ပ ထွက်ခွာပါက နှာခေါင်းစည်း တပ်ဆင်သွားလာရေးအတွက် အသိပညာပေး နှိုးဆော်ခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။

ခင်ခင်မာ(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၅၅ ဦးအား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး စတင်ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြား ကျောင်းသား ကျောင်းသူများအား (Myancopharm) ကိုဗစ်- ၁၉ ထပ်ဆောင်း ကာကွယ်ဆေးများကို စုရပ်ဖြစ်သည့် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းစုရပ်၌ စက်တင်ဘာ ၁၆ ရက်က စတင်ထိုးနှံပေးသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က ကြီးကြပ်၍ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ကာ စက်တင်ဘာ ၁၆ ရက်တွင် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၅၅ ဦးအား ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသော ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

စိုးဝဏ္ဏထွန်း(ပြန်/ဆက်)

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၁ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိ

**(၁၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၄၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၁၄,၉၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၈,၆၆၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈၂) ဦးရှိ သဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၅,၁၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံ ထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ ထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံ ထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှု နှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (Version 2.0)

ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းနှင့် သင်တန်းများ၊ ဘော်ဒါဆောင်များ၊ အားကစားသမားများအား စခန်းသွင်း လေ့ကျင့်ခြင်းနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များအစရှိသော လူအများစုဝေး နေထိုင်ရာနေရာ (Institution)များတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ကပ်အသွင် ဖြစ်ပွားနိုင်သဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါလူအများစုဝေးနေထိုင်ရာနေရာ (Institution) များ၌ နေထိုင်သူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို တိကျစွာပူးပေါင်းလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

**လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ (က) အသက်ငါးနှစ်နှင့် အထက်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံထားရှိရန်နှင့် အသက်(၁၈)နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသူများသည် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းကို မပျက်မကွက်ခံယူကြရန်၊

(ခ) အလုံပိတ်အခန်းအတွင်း လူအများနှင့်အတူရှိနေခြင်း၊ အခန်းအတွင်း ပြင်ပမှလာရောက်သူများရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အမြဲဝတ်ဆင်ထားရန်၊

(ဂ) လက်ကိုမကြာခဏ စက္ကန့်(၂၀)ကြာ ရေ၊ ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော(၆၀%) ပါဝင်သောလက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) ဖြင့် စနစ်တကျဆေးကြောရန်၊

(ဃ) ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်းပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တံတောင်ကွေးဖြင့် လုံခြုံအောင်ဖုံးအုပ်ရန်၊

(င) စားသောက်ရာတွင် အတူစုဖွဲ့စားသောက်ခြင်း၊ မျက်နှာချင်းဆိုင် စားသောက်ခြင်း၊ စားသောက်နေစဉ် စကားပြောဆိုခြင်းများ တတ်နိုင်သမျှ မပြုလုပ်ကြရန်၊

(စ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာခံစားရသူရှိပါက သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းထံသို့ ချက်ချင်းသတင်းပေးပို့ရန်။

**လာရောက်တွေ့ဆုံသော ဧည့်သည်များ လိုက်နာရန်အချက်များ**

၂။ (က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူများဖြစ်ရန်၊

(ခ) လာရောက်တွေ့ဆုံစဉ် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျ အမြဲဝတ်ဆင်ထားရန်၊

(ဂ) Institution အဝင်/ထွက်တွင် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးမှုခံယူရန်၊

(ဃ) ဖျားနာခြင်းနှင့် အခြား ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားနေရပါက လာရောက်ခြင်းမပြုရန်၊

(င) အတူတကွ ဝိုင်းဖွဲ့စားသောက်ခြင်း လုံးဝမပြုလုပ်ရန်၊

(စ) လူစုလူဝေးမဖြစ်စေရေး ဂရုပြုနေထိုင်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်စပါးအိုး အထွက်တိုးဖို့ ရေငန်ဝင်ရောက်မှုကို သတိပြုကြစို့

## ဆည်မြောင်းဝန်ထမ်းတစ်ဦး

မြန်မာပြည်၏ဆန်အိုးကြီးဟု တင်စားရာ ဧရာဝတီတိုင်းဒေသကြီးသည် နှစ်စဉ်ဆန်စပါးအများအပြား စိုက်ပျိုးထုတ်လုပ်ကာ ပြည်တွင်းဆန်စားသုံးမှုကို အထောက်အကူပြုလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေချိုအရင်းအမြစ်ဖြစ်သည့် မြစ်ချောင်းများပေါများသော်လည်း ပင်လယ်ကမ်းရိုးတန်းနှင့် နီးစပ်စွာတည်ရှိနေသည့်အတွက် မြစ်ချောင်းများမှ ပင်လယ်ရေငန်ဝင်ရောက်မှုရှိသည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း ရေချိုအရင်းအမြစ်ကြောင့် စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်နိုင်သော်လည်း ရေငန်ဝင်ရောက်မှုကြောင့် သီးနှံပင်နှင့် မြေဆီလွှာတွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ကာ စိုက်ပျိုးသီးနှံအထွက်နှုန်းများအပေါ် အထိုက်အလျောက် သက်ရောက်မှုရှိလာသည်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးတောင်သူအချို့ တွေ့ကြုံလာရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ရေချိုအရင်းအမြစ်များစွာ တည်ရှိပြီး မိုးများသည့်ဒေသဖြစ်သည့်အတွက် များစွာသောလယ်ယာမြေများသည် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသည်။ သို့သော် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ခြောက်သွေ့သောရာသီအစ (ဒီဇင်ဘာလမှ ဧပြီလ) တွင် ဆားငန်ရေ တိုးဝင် ဝင်ရောက်မှုမှာ နွေသီးထပ်သီးနှံစိုက်ပျိုးရေးအတွက် အကန့်အသတ်များ ဖြစ်ပေါ်စေလျက်ရှိသည်။

### မြေအောက်ရေတူးဖော်ခြင်းအကောင်အထည်ဖော်

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်များဖြစ်သည့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်မှုနှင့် မုန်တိုင်းဒီရေပြင်းထန်မှုတို့အပြင် မိုးရွာသွန်းမှုပမာဏ၊ မိုးရွာသွန်းမှုပုံစံနှင့် ရွာသွန်းကာလပြောင်းလဲမှုများသည် ကမ်းရိုးတန်းဒေသများသို့ ပင်လယ်ရေငန်ဝင်ရောက်မှု ပိုမိုဆိုးရွားစေသည့် အကြောင်းရင်းများဖြစ်သည်။ တောင်သူများ၏ စိုက်ပျိုးမြေတွင် ရေငန်ဝင်ရောက်မှု တွေ့ကြုံလာရသည်ကို ဖြေရှင်းကျော်လွှားသွားနိုင်ရန် ပင်လယ်နှင့်ထိစပ်နေသော အဓိကမြစ်ကြီးများတွင် ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ကုန်းတွင်းပိုင်းသို့ ရေငန်ရောက်ရှိသည့် နေရာများကို နွေရာသီဒီရေအမြင့်ဆုံး တက်ရောက်သည့် မတ်လနှင့် ဧပြီလများ၏ ရေထရက်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းတာကာ စိုက်ပျိုးတောင်သူများထံ သတင်းအချက်အလက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း တောင်သူများ၏ လယ်ယာမြေများသို့ ပင်လယ်ရေငန်ဝင်ရောက်မှုမရှိစေရန် လယ်ကန်သင်းမြှင့်ခြင်းနှင့် ရေငန်တားတမံများတည်ဆောက်ပေးခြင်းတို့အပြင် နွေစပါးအောင်ရေအတွက် ရေချိုရရှိရန် မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်းများကို အားစိုက်အကောင်အထည်ဖော်လျက် ရှိသည်။

စိုက်ပျိုးရေ၌ အငန်ဓာတ်မြင့်မားစွာပါဝင်နေမှုသည် အပင်ကြီးထွားမှုနှင့် မြေဆီလွှာကို ထိခိုက်စေနိုင်သဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပင်လယ်ရေငန်ဝင်ရောက်မှုအခြေအနေကို အလေးထားစောင့်ကြည့်ရန် လိုအပ်သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ




နှစ်အလိုက် ရေငန်ဦးရောက်ရှိသည့် နေရာပြပုံ

အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ဝကျွန်းပေါ်အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများဖြစ်သော မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ ကျုံပျော်ခရိုင်၊ ပုသိမ်ခရိုင်နှင့် လပွတ္တာခရိုင်တို့တွင် ဒီရေအတက်အကျကြောင့် ရေငန်ဝင်ရောက်သည့် နေရာများရှိနေပါသည်။ ရေငန်ဝင်ရောက်သည့်နေရာများပေါ်မူတည်၍ ရေငန်နှင့် ထိစပ်မှုရှိသော မြို့နယ်များ၌ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် နွေစပါး စတင်စိုက်ပျိုးရန် ဒေသတွင်း ရေချိုရရှိသော မြစ်၊ ချောင်း၊ မြောင်းများမှတစ်ဆင့် ရေချိုကိုရယူစိုက်ပျိုးလေ့ရှိပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် အောင်ရေ ရယူစိုက်ပျိုးလေ့ရှိကြပါသည်။

### ပင်လယ်ဒီရေဝင်ရောက်မှုသည် အမြင့်ဆုံးရောက်ရှိ

မိုးရာသီကုန်ဆုံးသည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှစ၍ ကုန်းတွင်းပိုင်းမှ ရေစီးဆင်းမှု လျော့နည်းလာပြီး နှစ်စဉ် နွေရာသီ (မတ်လနှင့် ဧပြီလ) တွင် ပင်လယ်ဒီရေဝင်ရောက်မှုသည် အမြင့်ဆုံးရောက်ရှိပြီး မြစ်ခွဲများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ရေငန်ဝင်ရောက်မှုဖြစ်ပေါ်သည်။ ထိုသို့ ရေငန်ဝင်ရောက်မှုကြောင့် နှစ်စဉ်မြစ်/ချောင်းများမှ ရေတံခါးများ၊ ရေနုတ်မြောင်းများမှတစ်ဆင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများနှင့် အနိမ့်တင်ရေစုပ်စက်များဖြင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများအပေါ် သက်ရောက်မှုရှိပြီး အချို့ဒေသများတွင်စိုက်ကေများ လျော့နည်းမှုလည်း ရှိလာသည်။

✻ မိုးရာသီကုန်ဆုံးသည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှစ၍ ကုန်းတွင်းပိုင်းမှ ရေစီးဆင်းမှု လျော့နည်းလာပြီး နှစ်စဉ်နွေရာသီ (မတ်လနှင့် ဧပြီလ) တွင် ပင်လယ်ဒီရေဝင်ရောက်မှုသည် အမြင့်ဆုံးရောက်ရှိပြီး မြစ်ခွဲများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ရေငန်ဝင်ရောက်မှုဖြစ်ပေါ်သည်။ ထိုသို့ ရေငန်ဝင်ရောက်မှုကြောင့် နှစ်စဉ်မြစ် / ချောင်းများမှ ရေတံခါးများ၊ ရေနုတ်မြောင်းများမှတစ်ဆင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများနှင့် အနိမ့်တင်ရေစုပ်စက်များဖြင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများအပေါ် သက်ရောက်မှုရှိပြီး အချို့ဒေသများတွင်စိုက်ကေများ လျော့နည်းမှုလည်းရှိလာ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ၁၃၅၀၀ စတုရန်းမိုင်ကျော်ရှိပြီး ကမ်းရိုးတန်းအရှည်သည် ၈၁ မိုင်ခန့်ရှိသည်။ နှစ်စဉ် မိုးရေချိန်လက်မ ၈၀ မှ ၁၃၀ လက်မအတွင်း ရွာသွန်းမှုရှိသည်။ မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ချောင်းများတွင် ဒီရေအတက်အကျ များပြားခြင်းတို့ကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထို့အပြင် အဆိုပါဒေသသည် ပင်လယ်နှင့်ထိစပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ ပေခန့်၌သာ ရှိသည့်အတွက် နွေရာသီတွင်ရေငန်များ မြစ်ချောင်းများအတွင်း ဝင်ရောက်ခြင်း ပိုမိုဖြစ်ပေါ်လေ့ရှိသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းအနောက်ဖက် ဧရိယာများ၌ ရေထရက်နှင့် ရေသေရက်တို့၏ ဒီရေအမြင့်ကွာခြားမှုသည် ခုနစ်ပေနှင့် ခြောက်ပေခန့်ရှိကြပြီး အရှေ့ဘက်ကမ်းရိုးတန်းတွင် ၁၈ ပေနှင့် ၁၃ ပေခန့်ရှိသည်။ သို့ဖြစ်ရာ မြစ်ဝကျွန်းပေါ်ဒေသအနေဖြင့် ပင်လယ်ဒီရေ မြင့်တက်မှုနှင့်အတူ ပါလာမည့် ရေငန်ဝင်ရောက်မှုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုဘဝနေထိုင်မှုအစီအစဉ်များ လိုအပ်နေပြီဖြစ်သည်။

သို့အတွက်ကြောင့် မြစ်ဝကျွန်းပေါ်ရှိ ရေငန်ဝင်ရောက်မှုများပြားသည့် နေရာဒေသအချို့၌ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းလာနိုင်သဖြင့် ရေငန်ဝင်ရောက်မှု ကာကွယ်တားဆီးရာ၌ ရေငန်ဝင်ရောက်နိုင်သည့် ချောင်း၊ မြောင်းများတွင် ယာယီရေထိန်းတမံများ၊ ချောင်းပိတ်၊ မြောင်းပိတ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တောင်သူများမှ ပူးပေါင်းကာကွယ်ဆောင်ရွက်ခြင်းဖြင့် ရေငန်ဝင်ရောက်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရေတိုအစီအစဉ်အဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

### ရေတံခါးများတည်ဆောက်ရေးလိုအပ်မည်

ရေတိုတွင်သာမက ရေရှည်အကျိုးဖြစ်ထွန်းနိုင်စေရန်အတွက် ရေငန်အတက်အကျ ပြောင်းလဲမှုရှိသည့် ချောင်းလက်တက်များပေါ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများပြုလုပ်၍ ရေတံခါးများတည်ဆောက်ရေး အစီအမံများချမှတ်ရန် လိုအပ်မည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်များမှ ရေသွင်းပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရေးအတွက် ကုန်းတွင်းပိုင်းသို့ ပင်လယ်ရေငန်ရောက်ရှိသည့် နေရာများအား သိရှိနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီ ဒီရေအတက်ဆုံးဖြစ်သည့် မတ်လရေထရက်များ၌ ပင်လယ်နှင့် ဆက်စပ်လျက်ရှိသော အဓိကမြစ်ကြီး ခုနစ်မြစ်ဖြစ်သည့် လှိုင်မြစ်၊ တိုးမြစ်၊ ဖျာပုံမြစ်၊ ဘိုကလေးမြစ်၊ ရာဇူတိုင်မြစ်၊ ပြာမလော့မြစ်၊ ပုသိမ်မြစ်တို့တွင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ရေငန်ဦး (Saline Front) တိုးဝင်မှုများအား နှစ်စဉ်စူးစမ်းလေ့လာ တိုင်းတာလျက်ရှိပါသည်။

ဌာနမှ တိုင်းတာလျက်ရှိသော ရေငန်ဦးဆိုသည်မှာ အငန်ဓာတ်များပြားစွာ ပါဝင်သော ပင်လယ်ရေငန်များသည် မြစ်ချောင်းများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာရာတွင် စိုက်ပျိုးရေအဖြစ် အသုံးမပြုသင့်ကြောင်း သတ်မှတ်ထားသည့် ရေငန်ပြင်းအားရှိသော ပင်လယ်ရေငန်များ တိုးဝင်ရောက်ရှိနေသည့် ကုန်းတွင်းအကျဆုံး နေရာကို ရေငန်ဦးဟု သတ်မှတ်ပါသည်။ ပင်လယ်ရေငန်တိုင်းတာရာတွင် ရေငန်ပြင်းအားကို ppt (Parts per thousand– တစ်ထောင်တွင် တစ်ယူနစ်ပမာဏ) ဖြင့် တိုင်းတာဖော်ပြလေ့ရှိပါသည်။ ၁ ppt မှ ၃ ppt ပြင်းအား အတွင်းရှိသော ရေသည် အနည်းငယ်ငန်သောရေဟု သတ်မှတ်ပြီး ဆားပါဝင်မှုမှာလည်း များပြားသောကြောင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food And Agriculture Organization–FAO) ၏ စံသတ်မှတ်ချက်အရ သီးနှံပင်များ ထိခိုက်ပျက်ဆီးမှုရှိနိုင်သော စိုက်ပျိုးရေအဖြစ်သတ်မှတ်ပါသည်။ ၁ppt အထက်ရှိသောရေများသည် စိုက်ပျိုးရေးကို ထိခိုက်မှုရှိနိုင်သဖြင့် ရေငန် ၁ ppt တန်ဖိုးရှိသော နေရာများအား ဆက်စပ်မျဉ်းရေးဆွဲသား၍ ရေငန်ဦးမျဉ်းအဖြစ် သတ်မှတ်ဖော်ပြပြီး ၁ ppt ရေငန်ဦးမျဉ်းများ၏ အထက်ပိုင်းကို နွေရာသီကာလအတွင်း စပါးစိုက်ပျိုးနိုင်သော ဧရိယာနှင့် ရေငန်ဦးမျဉ်း၏အောက်ပိုင်းကို စိုက်ပျိုးရန်မသင့်လျော်သော ဧရိယာများကို ခွဲခြားသတ်မှတ်ပေးသည့် နယ်နိမိတ်ပြမျဉ်းအဖြစ် အသုံးပြုနိုင်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးရေးသည် မြစ်ရေမှရယူသုံးစွဲနေရသဖြင့် နှစ်စဉ် ၁ ppt ရေငန်ဦးမျဉ်း ရွေ့လျားပြောင်းလဲနေမှုသည် အထူးသဖြင့် ဒေသအတွင်း နွေစပါးစိုက်ပျိုးရေးအတွက်အဓိက သတင်းအချက်အလက်ဖြစ်သည်။ ယေဘုယျအားဖြင့် နှစ်စဉ်မတ်လ၌ တိုင်းတာထားသော အဆိုပါရေငန်ဦးမျဉ်း၏ အထက်ဘက် (မြောက်ဘက်) သည် စပါးစိုက်ပျိုးနိုင်သော ဧရိယာဖြစ်ပြီး ၎င်း၏ အောက်ဘက် (တောင်ဘက်) သည် စပါးစိုက်ပျိုးရန်မသင့်လျော် (သို့မဟုတ်) မစိုက်ပျိုးနိုင်သော ဧရိယာများဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ရေငန် ဝင်ရောက်မှု (၁ ppt) စောင့်ကြည့်တိုင်းတာခြင်းသည် နွေစပါးစိုက်ပျိုးရေးအတွက် အထောက်အပံ့များစွာ ပြုနိုင်သည့် လုပ်ငန်းရပ် ဖြစ်သည်။

သို့ပါ၍ နှစ်စဉ်နွေစပါးအောင်ရေပေးသွင်းချိန် ဖေဖော်ဝါရီလ မတိုင်မီ ရေငန်ဝင်ရောက်မှု တိုင်းတာခြင်း (သို့) ခန့်မှန်းခြင်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့သော်လည်း ရေငန်ဝင်ရောက်သည့် အကွာအဝေးနှင့် ပမာဏတို့သည် မြစ်တစ်ခုနှင့်တစ်ခု မတူညီကြသလို မြစ်တစ်ခုစီ၌လည်း နှစ်အလိုက်၊ ရာသီအလိုက် ရေငန်ဝင်ရောက်နိုင်ခြေ ကွဲပြားမှုရှိသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ စိုက်ပျိုးရေးအတွက် သင့်လျော်မှုရှိသော ရေအရည်အသွေးသတ်မှတ်ရာတွင် ရေငန်ပါဝင်မှု တစ်ခုတည်းသာမက ဆိုဒီယမ်ပါဝင်မှုနှင့် အခြားသော ရေအရည်အသွေး ဂုဏ်သတ္တိများအပေါ်တွင်လည်း မူတည်နေကြောင်း FAO ၏ အချက်အလက်များက ညွှန်းဆိုထားသည်။

ဆိုဒီယမ်ဓာတ်မှာ သီးနှံပင်များကို အဓိက အန္တရာယ်ပေးသောဓာတ်ဖြစ်ပါသည်။ မြေဆီလွှာတွင် ဆိုဒီယမ်ဓာတ်များပြားခြင်းသည် မြေဆီလွှာဆားပေါက်ခြင်း/ ဆပ်ပြာပေါက်ခြင်းကို ဖြစ်ပေါ်စေပါသည်။ မြေဆီလွှာတွင် ဆိုဒီယမ်ဓာတ်များ များပြားလာပါက မြေဆီလွှာဖွဲ့စည်းပုံပျက်စီးခြင်း၊ သီးနှံပင်များ အာဟာရဓာတ်စုပ်ယူစားသုံးမှုကို အဟန့်အတားဖြစ်စေခြင်းများ ဖြစ်ပေါ်ကာ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးစေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် နှစ်စဉ်ရေငန်ဦး ရွေ့လျားပြောင်းလဲမှု စောင့်ကြည့်လေ့လာသည့်လုပ်ငန်းကို စနစ်တကျဆောင်ရွက်ပြီး မြစ်ဝကျွန်းပေါ်ဒေသ နွေသီးနှံပိုမိုစိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် နှစ်စဉ် ရေငန်ဦးဝင်ရောက်မှု နေရာဖော်ပြသည့် သတင်းအချက်အလက်များကို ဒေသနေပြည်သူများထံ အချိန်မီသတင်းစကားပါးနိုင်ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒေသနေပြည်သူများအနေဖြင့်လည်း ရေငန်ဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် မိမိတို့၏ လယ်ကန်သင်းများအားမြှင့်ခြင်း၊ ရေငန်ဝင်ရောက်နိုင်သည့် ချောင်းမြောင်းများအား ယာယီချောင်းပိတ်တမံများ စုပေါင်းဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်




**ဘားအံ စက်တင်ဘာ ၁၇**

၂၀၂၂ ခုနှစ် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၆ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းနှင့် လှိုင်းဘွဲမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းက သုံးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ချီးမြှင့်ပေးပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က တတိယဆုရ ဘားအံမြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့်ဆုဖလားတို့ကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက ဒုတိယဆုရ လှိုင်းဘွဲမြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့် ဆုဖလားတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့် ပထမတံခွန်စိုက် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ၂၀၂၂ ခုနှစ် တပ်မတော်(ရေ)ဌာနချုပ် တပ်၊ စခန်း၊ ရေယာဉ်စုများ၌ ဒီရေတောပင် စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့အချိန်တွင် ဒီရေတောများ ပြုန်းတီးပျက်စီးမှုများကြောင့် ကမ်းခြေ ရေတိုက်စားမှုများ၊ မကြာခဏ ရေလွှမ်းမိုးမှုများနှင့် ရေသယံဇာတ ပျက်စီးမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာရပါသည်။ ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်း သဘာဝသယံဇာတ ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ ဒီရေတောပင် စိုက်ပျိုးပွဲအခမ်းအနားကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်များရှိ သက်ဆိုင်ရာ ရေတပ်စခန်း ဌာနချုပ်များနှင့် စစ်ရေယာဉ်စုများ၌ ကျင်းပသည်။

အခမ်းအနား များတွင် တပ်မတော် (ရေ) မှ အရာရှိ၊ စစ်သည်များက သတ်မှတ်နေရာ အသီးသီးတွင် ဒီရေတောပျိုးပင်များဖြစ်သော လမုပင်၊ ဖြူးခြေထောက်ပင်၊ သမက်ပင်၊ ပရုန်းပင်နှင့် ဓနိပင် စုစုပေါင်းအပင် ၁၆၈၆၀ ကို စိုက်ပျိုးခဲ့ကြပြီး ၂၀၂၂ ခုနှစ်အတွင်း ဒီရေတောပင်စုစုပေါင်း အပင် ၁၉၄၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်၊ နှစ်ယောက်တွဲ၊ တစ်ဦးချင်း၊ အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

"တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲလုပ်ရတဲ့အတွက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်အနေနဲ့ မျိုးဆက်သစ်တွေ ရွေးထုတ်ပြီးမှ အဖွဲ့ချုပ်မှာ စခန်းသွင်းပြီး နိုင်ငံ့လက်ရွေးစင်ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ချင်းပြည်နယ်ကလွဲလို့ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် လာရောက်ယှဉ်ပြိုင်ကြပြီး ဒီနှစ်ပြိုင်ပွဲဝင်ဦးရေ ပိုများလာတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောသည်။



အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသား ၁၄ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင် ၁၃ သင်း၊ ကစားသမား ၁၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ **အာကာစိုး**

# အာရှ-ပစိဖိတ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့၏ ဆိုက်ဘာလေ့ကျင့်ခန်းတွင် မြန်မာနိုင်ငံမှ ပါဝင်လေ့ကျင့်

**နေပြည်တော် စက်တင်ဘာ ၁၇**

အာရှ-ပစိဖိတ်ဒေသတွင်းရှိ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၏ ဆိုက်ဘာတိုက်ခိုက်မှုများအား တုံ့ပြန်နိုင်မှုစွမ်းဆောင်ရည်များကို ဆန်းစစ်သည့်အနေဖြင့် အာရှ-ပစိဖိတ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (APCERT)က နှစ်စဉ်ပြုလုပ်သည့် ဆိုက်ဘာလေကျင့်ခန်း (APCERT Cyber Drill 2022)ကို ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ယခင်နှစ်များကဲ့သို့ ပါဝင်လေ့ကျင့်ခဲ့ကြောင်း mmCERT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဆိုက်ဘာလေကျင့်ခန်း၏ ခေါင်းစဉ်မှာ “Data Breach through Security Malpractice” ဖြစ်ပြီး အင်တာနက်ပေါ်တွင် တွေ့ကြုံနေရသော ပြဿနာများနှင့် တိုက်ခိုက်မှုအစစ်များကို ထင်ဟပ်စေသည့် လေ့ကျင့်ခန်းဖြစ်သည်။

**ပါဝင်လေ့ကျင့်**

ယခုနှစ် လေ့ကျင့်ခန်းတွင် အာရှ-ပစိဖိတ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့၏ စီးပွားနိုင်ငံ ၂၁ နိုင်ငံ (ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်းဒါရုဆလမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှား၊ မြန်မာ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တွန်ဂါ၊ ဗာနူအာတူနှင့် ဗီယက်နမ်)တို့မှ CSIRT/ CERT အဖွဲ့အစည်း ၂၅ ခု နှင့် အာရှ-ပစိဖိတ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့၏ ပြင်ပနိုင်ငံနှစ်ခုမှ အဖွဲ့အစည်းလေးခု ပါဝင်လေ့ကျင့်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (mmCERT/cc)မှ အဖွဲ့ဝင် ခြောက်ဦး ပါဝင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေ**

လေ့ကျင့်ခန်းတွင် ပြည်တွင်း ပြည်ပမှ CSIRTs/ CERT အဖွဲ့များနှင့် ဦးတည်တိုက်ခိုက်ခံရသည့် အဖွဲ့အစည်းတို့အကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း၊ အဖျက်အမှောင့် အခြေခံအဆောက်အအုံ ရပ်တန့်စေရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖျက်အမှောင့်ကုဒ်ကို သုံးသပ်လေ့လာခြင်း၊ အသိပေးခြင်းနှင့် ထိခိုက်ဆုံးရှုံးသည့် အဖွဲ့အစည်းအား ကူညီပံ့ပိုးခြင်းစသည့် လုပ်ငန်းစဉ်များ ပါဝင်လေ့ကျင့်ဆောင်ရွက်ရကြောင်း၊ ယခုလေ့ကျင့်ခန်းမှတစ်ဆင့် နိုင်ငံများအကြား ဆိုက်ဘာခြိမ်းခြောက်မှုများ လျော့ပါးစေရန် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေရုံမျှမက တိုးတက်လာသော ဆက်သွယ်ရေးလုပ်ငန်းစဉ်များ၊ နည်းပညာစွမ်းရည်များနှင့် ဆိုက်ဘာတိုက်ခိုက်မှုတုံ့ပြန်နိုင်မှုအရည်အသွေးများကို စိတ်ချသေချာစေခြင်းဖြင့် အင်တာနက်လုံခြုံရေးနှင့် ဘေးကင်းရေးအတွက် အာရှ-ပစိဖိတ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့က လေ့ကျင့်ပေးကြောင်း သိရသည်။

**ကိုစိုး**

# မြန်မာ့ခရီးသွားကဏ္ဍကို အထောက်အကူဖြစ်စေရန် Viber ချန်နယ်နှင့် Chatbot အသစ်ကို မိတ်ဆက်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် အသုံးများသည့် စာတိုပို့ အက်ပလီကေးရှင်းဖြစ်သော Viber နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Flymya တို့ ပူးပေါင်း၍ မြန်မာ့ခရီးသွားကဏ္ဍကို အထောက်အကူဖြစ်စေရန် Experience Myanmar Viber ချန်နယ်နှင့် Chatbot ကို ယခုလဆန်းက မိတ်ဆက်ထားပြီဖြစ်သည်။

အသစ်ပါဝင်လာသည့် Chatbot နှင့်အတူ Experience Myanmar Viber ချန်နယ်သည် မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်းနှင့် ပတ်သက်၍ အသုံးပြုသူများရရှိလိုသည့် ဝန်ဆောင်မှုများအားလုံးကို တစ်နေရာတည်းတွင် သိရှိစီစဉ်နိုင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

Experience Myanmar Viber ချန်နယ်ကို ယခုနှစ် အစောပိုင်းကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အသုံးပြုသူ ခြောက်သိန်းကျော်ရှိနေပြီဖြစ်ကာ သုံးစွဲသူများသည် နေ့စဉ်ခရီးသွားဆိုင်ရာသတင်းများ၊ မဖြစ်မနေ သွားရောက်သင့်သည့်နေရာများ၊ ခရီးသွားဆိုင်ရာစစ်တမ်းများ (Polls)၊ ဉာဏ်စမ်းပဟေဠိများ (Quizzes) နှင့် အထူးသီးသန့်ခရီးသွားပက်ကေ့ချ်များ၊ အထူးပရိုမိုးရှင်းများကို သိရှိရယူသွားနိုင်မည်ဖြစ်သည်။

အဆိုပါချန်နယ်တွင် Chatbot ကိုလည်း ဩဂုတ် ၂၉ ရက်က စတင်မိတ်ဆက်ထည့်သွင်းပေးခဲ့ခြင်းဖြစ်ပြီး ChatBot မှတစ်ဆင့် ဝန်ဆောင်မှုပေးအပ်သည့် အေးဂျင့်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်တွင်း ပြည်ပလေယာဉ်ခရီးစဉ်များ booking ပြုလုပ်ခြင်း၊ ဘတ်စ်ကားလက်မှတ်များ ဝယ်ယူခြင်းနှင့် နေထိုင်မည့်ကာလအလိုက် ဟိုတယ်အခန်းငှားခြင်းများလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။

Viber သည် ပြီးခဲ့သည့် နှစ်များအတွင်း ကမ္ဘာတစ်ဝန်းရှိပြည်တွင်းပြည်ပခရီးသွားများအတွက် လိုအပ်သည့် ခရီးသွားဝန်ဆောင်မှုများအား ၎င်း၏ ပလက်ဖောင်းမှတစ်ဆင့် ချိတ်ဆက်ကူညီပေးခဲ့ပြီး အလားတူပင် မြန်မာနိုင်ငံတွင်လည်း ခရီးသွားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် ခရီးသွားလာမှုနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် လွယ်ကူစွာရရှိနိုင်စေရန် ရည်ရွယ်လျက် Experience Myanmar ချန်နယ်နှင့် Chatbot တို့ကို Flymya နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**




# မြန်မာနိုင်ငံရှိ အူရီဒူးလုပ်ငန်းကို Nine Communications Pte. Ltd သို့ ကန်ဒေါ်လာ ၅၇၆ သန်းဖြင့် ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံရှိ အူရီဒူးလုပ်ငန်းအားလုံးကို စင်ကာပူနိုင်ငံ၌ တရားဝင်ပေါင်းစပ်ဖွဲ့စည်းထားသည့် Nine Communications Pte. Ltd., ထံသို့ လုပ်ငန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၇၆ သန်းဖြင့် ရောင်းချရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း အူရီဒူးမြန်မာက စက်တင်ဘာ ၈ ရက်တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

ရောင်းချမှုအတွက် အူရီဒူးနှင့် Nine Communications Pte. Ltd တို့၏ ဒါရိုက်တာဘုတ်အဖွဲ့များက သဘောတူညီချက်ရရှိပြီဖြစ်ကာ မြန်မာနိုင်ငံမှ ဥပဒေရေးရာ သဘောတူညီချက်များ အပါအဝင် ပြုလုပ်နေကျဖြစ်သော ပိတ်သိမ်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ လုပ်ဆောင်ရန်ကျန်ရှိကြောင်းလည်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ooredoo Group ၏ CEO နှင့် အုပ်ချုပ်မှုဒါရိုက်တာ Aziz Aluthman Fakhroo က “Ooredoo Group အနေနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာသုံးသပ်ချက်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတွင်းလိုအပ်ချက်တွေအတိုင်း ဆောင်ရွက်ရာမှာ အနှောင့်အယှက်အနည်းဆုံးနဲ့ ချောမွေ့သော ကူးပြောင်းမှုကို သေချာအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

Nine Communications Pte. Ltd. သည် စင်ကာပူနိုင်ငံ၌ တရားဝင်ပေါင်းစပ်ဖွဲ့စည်းထားပြီး Link Family Office နှင့် ဦးဉာဏ်ဝင်းတို့က ပိုင်ဆိုင်သည့် SPV တစ်ခုဖြစ်သည်။ Link Family Office သည် တိုက်ကြီးသုံးခုတွင် အမျိုးမျိုးသောစီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းထူထောင်ထားသည့် လုပ်ငန်းစုကြီးဖြစ်ကာ ဦးဉာဏ်ဝင်းမှာလည်း ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံနှစ် ၄၀ ကျော်ရှိကြောင်း အူရီဒူးမြန်မာက ထုတ်ပြန်ထားသည်။

အူရီဒူးသည် အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် အရှေ့တောင်အာရှတစ်ဝန်းတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသော နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်ကာ နိုင်ငံပေါင်း ၁၀ နိုင်ငံ၌ ဝန်ဆောင်မှုပေးလျက်ရှိသည်။ အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်က စတင်ဝင်ရောက်၍ ဝန်ဆောင်မှုပေးခဲ့ခြင်းဖြစ်သည်။

**ကိုစိုး**

**New Product**

# ကမ္ဘာ့ပထမဆုံး ၂၀၀ မဂ္ဂါပစ်ဇယ်ကင်မရာပါဝင်တဲ့ Motorola Edge 30 Ultra စမတ်ဖုန်းသစ်

**ရန်ကုန် စက်တင်ဘာ ၁၇**

Motorola Edge 30 Ultra စမတ်ဖုန်းသစ်ကို ကမ္ဘာ့ဈေးကွက်မှာ စက်တင်ဘာ ၈ ရက်က စပြီးမိတ်ဆက်ခဲ့တာ ဖြစ်ပါတယ်။ မော်တာရိုလာဖုန်းတွေဟာ အမေရိကန်နဲ့ ဥရောပဈေးကွက်မှာ ထိပ်တန်းနေရာမှာ အမြဲရှိနေပေမယ့် အခြားကမ္ဘာ့ဈေးကွက်တွေမှာတော့ သုံးသူအနည်းစုသာရှိတဲ့ ဖုန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း သုံးစွဲသူအလွန်နည်းပေမယ့် ပြိုင်ဆိုင်မှု ပြင်းထန်နေတဲ့ မိုဘိုင်းကင်မရာစွမ်းဆောင် ရည်ပိုင်းမှာအမြင့်ဆုံးအရည်အသွေးနဲ့ ထွက်ရှိလာတဲ့ ဒီဖုန်းရဲ့ ကင်မရာ ပိုင်းနဲ့ အဓိကကျတဲ့ အချက်တ ချို့ ကို ဖော် ပြ လိုက် ပါ တယ်။




| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင်အမျိုးစား | OLED, 144Hz, HDR10+ |
| Resolution | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 12 |
| Chipset | SM8475 Snapdragon 8+ Gen 1 (4 nm) |
| CPU | Octa-core |
| RAM နဲ့ မင်မိုရီ | 8/128, 8/256, 12/256, 12/512 |
| ပင်မကင်မရာ | 200 + 12 + 50 MP (Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 60 MP |
| USB | Type-C 3.1, On-The-Go |
| ဘက်ထရီ | Li-Po 4610 mAh |
| အားသွင်းစနစ် | 125W အမြန်အားသွင်းစနစ်<br>50W ကြိုးမဲ့အားသွင်းစနစ် |

ဒီဖုန်းဟာ ကမ္ဘာ့ကင်မရာအကောင်းဆုံးဖုန်းဆိုတဲ့ နာမည်နဲ့အညီ ပင်မကင်မရာဟာ 8K အရည်အသွေး ဗီဒီယိုတွေကို 30 FPS နဲ့ ရိုက်နိုင်ပြီး ဆယ်လ်ဖီကင်မရာကလည်း 60MP အထိရှိလို့ အခြားဖုန်းတွေရဲ့ ပင်မကင်မရာနဲ့တောင် ယှဉ်နိုင်လောက်တဲ့ အနေအထားဖြစ်ပါတယ်။ လက်ရှိဈေးကွက်ထဲက အမြန်ဆုံးအားသွင်းနိုင်တဲ့ဖုန်းတွေဟာ 120W လောက်ပဲရှိလို့ 125W အမြန်အားသွင်းစနစ်ကလည်း အမြန်ဆုံးအားသွင်းစနစ်လို့ ဆိုနိုင်ပါတယ်။ စွမ်းဆောင်ရည်မြင့်ဖုန်းဖြစ်တာကြောင့် တန်ဖိုးကလည်းများပြီး နိုင်ငံတကာဈေးကွက်မှာ ရောင်းချတဲ့ဈေးက ယူရို ၉၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၉-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ရှုရှားခရီးစဉ်မှတ်တမ်း(တတိယပိုင်း)
**၀၉:၁၀** တရုတ်ကာတွန်း **'ပန်းနှဂါးမိုးလေတံတား'**(အပိုင်း-၉)
**၀၉:၃၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၀၀** **'ကူယှဉ်နွဲပျော်ဂီတပွဲတော်'** Season-2 တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၃)
**၁၁:၀၀** အသိပညာနှင့်အမှန်တရား
**၁၁:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'ပတ်စကလပ်'**(ထွန်းဝေ၊ မြတ်မွန်၊ မေနွဲ့)
**၁၆:၁၅** 'တိုင်းလုံ' ရှမ်းကြီးတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
**၁၆:၄၅** Sports Diary
**၁၇:၂၀** ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
**၁၇:၄၀** ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် အရိပ်လည်းလှပြည်လည်းလှ
**၁၇:၅၀** ရှုရှားခရီးစဉ်မှတ်တမ်း(စတုတ္ထပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ခါးခါး အချစ်ချိုချို'**(အပိုင်း-၉)
**၁၉:၅၀** ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့်မြန်မာ
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် **'ချစ်ပန်းသီတဲ့မိန်းကလေး'**(ရန်အောင်၊ ရန်ကျော်၊ မေဆွိ)

**mitv**

**07:02** Evergreen Classic: Dhamma Set Taw (Sein Lei Lei)
**07:08** Myanmar Traditional Art Bronze Casting
**07:15** Next Generation "Bon Bon" Drummer
**07:28** Ywar Thit's Monhinkhar
**07:41** Conflict & Solution Between Man & Elephant
**08:01** News
**08:27** Products of Myanmar - Bamboo Hat
**08:35** Myanmar's Beauty and Nature "Beach"
**09:01** Myanmar Betels
**09:17** Today Myanmar
**09:26** A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
**10:35** Thatbyinnyu Temple

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဂေါ်ရခါးသီးနှင့်ကျန်းမာရေး
**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာခေါင်
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒူးရင်းသီး၏ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပင်လယ်ပျော်တို့နားခိုရာဆီ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တိုင်းခန်(မ်)ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မနောအလှ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားအစားအစာမုန့်ညှင်းချဉ်နှင့်ဝက်ရိုးဟင်း
**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကျွဲချိုအကြောင်း
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထမင်းကြမ်းခဲ၏တန်ဖိုး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** News Desk
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၁၅** Weekly Selected News
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၅၀** သရက်စိုက်ပျိုးဝင်ငွေတိုး
**၀၈:၂၅** ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့် ပေါင်မုန့်ပြုလုပ်ခြင်း
**၀၉:၁၅** လက်ပံတန်းမြေမှကရေကာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ ရုံးခန်းမ၌ သွားရောက်တွေ့ဆုံမှာစကား ပြောကြားသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ကြောင်း သတင်းရရှိသည်။ (ယာပုံ) သတင်းစဉ်



## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၅၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၀ ကျပ် | ၂၇၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၅၅ ကျပ် | ၂၅၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၉၁၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၆ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၃ . ၀၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၃၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၄၀၀ | ၂၀၃ | ၁၉၀၆၇၀၀ |
| MTSH | ၃၁၅၀ | ၃၂၅၀ | ၄၁၈၅ | ၁၃၂၉၀၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၆ | ၄၆၈၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၈၁ | ၁၆၆၀၅၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၄၈၀၄ | ၁၃၄၅၁၁၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၇ | ၇၁၅၅၀ |
| AHP | ၅၅၀၀ | ၅၅၀၀ | ၂၆၅ | ၁၄၅၇၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့ထွက်ကုန် ထောပတ်သီးကို ဒူဘိုင်းနှင့် စင်ကာပူနိုင်ငံသို့ တင်ပို့သွားနိုင်ရေးစီစဉ်ဆောင်ရွက်နေ

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မြန်မာ့ထွက်ကုန်ဖြစ်သော Hass ထောပတ်သီးမျိုးကို ယခုနှစ်ရာသီတွင် ဒူဘိုင်းနှင့် စင်ကာပူနိုင်ငံသို့ တင်ပို့သွားနိုင်ရေးစီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါနိုင်ငံများမှ Hass ထောပတ်မျိုးများကို ဝယ်ယူရန်အတွက် အမှာစာများပေးပို့ထားကြောင်း၊ လက်ရှိအချိန်တွင် ယင်းနိုင်ငံများမှ ပေးသည့်ဈေးနှုန်းများနှင့် တောင်သူများထံမှ ပြန်လည်ဝယ်ယူရမည့် ဈေးနှုန်းကိုက်ညီမှုရှိစေရန် ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ထောပတ်ခူးဆွတ်ချိန်သည် ဒီဇင်ဘာလတွင် ခူးဆွတ်မည်ဖြစ်၍ ယင်းနိုင်ငံများမှ အမှာရှိသလောက် တင်ပို့သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒူဘိုင်းနဲ့ စင်ကာပူနိုင်ငံတွေက တင်ပို့နိုင်ဖို့အတွက် အမှာစာတွေ ရောက်ရှိထားပါတယ်။ လက်ရှိမှာ ဈေးကောင်းရရှိဖို့အတွက် ဈေးနှုန်းတွေ ညှိနှိုင်းနေပါတယ်။ Hass မျိုးကိုပဲ အဓိကပို့ဆောင်သွားမှာပါ။ ပြည်ပဝယ်လိုအားကောင်းတာက Hass အမျိုးအစားထောပတ်သီး ဖြစ်ပါတယ်။ တောင်သူတွေဆီကလည်း ထောပတ်သီးတွေ တစ်နှစ်ပြီးတစ်နှစ် လှိုင်လှိုင်ထွက်ရှိလာတော့မှာဖြစ်တာကြောင့် ဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ၂၀၁၈ ခုနှစ်ကတည်းက ထောပတ်သီးက မြန်မာနိုင်ငံရဲ့မဟာဗျူဟာမြောက် ပြည်ပပို့ကုန်ထဲမှာ ပါဝင်ပါတယ်။ နိုင်ငံခြားမျိုးတွေ စစိုက်ကတည်းက ပြည်ပပို့ကုန်အတွက် ရည်ရွယ်တာပါ။ ဒါကြောင့် ပြည်ပဈေးကွက်ရရှိရေးကိုလည်း ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ယခုနှစ်ထောပတ်သီးရာသီချိန်တွင် ဝယ်ယူရန်အတွက် ဒူဘိုင်းမှမှာယူမှုသည် ၁၅ ရက်တစ်ပတ်လျှင် တန်ချိန် ၃၀ ခန့်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားကြောင်း၊ ထို့အတူ စင်ကာပူနိုင်ငံသို့လည်း တန်ချိန် ၃၀ ခန့်တင်ပို့ရမည်ဖြစ်ကာ အဆိုပါထောပတ်သီးတင်ပို့ခြင်းကို ရာသီတစ်လျှောက်လုံး တင်ပို့မည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံများမှ အမှာရှိသလောက် တင်ပို့ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ယင်းနိုင်ငံများအပြင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရောဝတီတိုင်းဒေသကြီး၌ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်း ဝန်းကျင်အထိ ဈေးကောင်းရရှိ

**ဘိုကလေး စက်တင်ဘာ ၁၇**

ရောဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုကြသည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည်။

ယခုနှစ် မိုးစပါးထွက်ရှိချိန်တွင် ရောဝတီတိုင်းဒေသကြီး၌ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၃သိန်းဝန်းကျင်အထိ ဈေးကောင်းရရှိနေသည်ဟု ဒေသခံ ဆန်စပါးစိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

လွန်ခဲ့သည့်နှစ် မိုးစပါးစတင်ထွက်ရှိချိန်က တင်း ၁၀၀ လျှင် ငွေကျပ်ခြောက်သိန်းခွဲမှ ခုနစ်သိန်းအထိ သာဈေးရခဲ့ကြောင်း၊ ယခုနှစ်တွင် ဧည့်မထစပါးအခြောက် တင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းမှ ၁၃ သိန်း ဝန်းကျင်ရရှိပြီး စပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ရရှိကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် စပါးဈေးကွာခြားပုံနှင့် ပတ်သက်၍ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ စပါးစိုက်ပျိုးသူများနှင့် ကုန်သည်များထံမှ သိရသည်။

ရောဝတီတိုင်းဒေသကြီး ဆန်ဈေးကွက်မှာလည်း စပါးဟောင်းဈေးနှုန်း မြင့်တက်နေသည့်အတွက် စပါးသစ်များပါ ဈေးကောင်းရနေကြောင်း၊ လာမည့်လများတွင်လည်း မိုးစပါးလှိုင်လှိုင်ထွက်ရှိလာမည် ဖြစ်ကြောင်း စိုက်ပျိုးရေးကဏ္ဍ ကျွမ်းကျင်သူများထံမှ သိရသည်။

ဩဂုတ်လအတွင်း ရောဝတီတိုင်းဒေသကြီးမှ မိုးစပါးထွက်ရှိမှုအနေဖြင့် ကျိုက်လတ်မြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ အနည်းငယ်ထွက်ရှိခဲ့ပြီး နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလတို့တွင် ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မြောင်းမြ၊ ပုသိမ်မြို့နယ်နှင့် နီးစပ်ရာဒေသများမှ ဈေးကောင်းရရှိမည့် ပေါ်ဆန်းစပါးမျိုးများ ထွက်ရှိမည်ဖြစ်ကြောင်း ဆန်စပါးကုန်သည်များထံမှ သိရသည်။

**မိုးစက်**
**(ဘိုကလေး)**

# ကျောက်ဆည်မြို့နယ်၌ နေ့စဉ်ဝင်ငွေရမည့် ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလာ

**ကျောက်ဆည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအနေဖြင့် နေ့စဉ်ဝင်ငွေရမည့် ကန်စွန်း၊ ဆလတ်၊ ဆူးပန်း၊ နံနံ၊ မုံညင်း၊ ခရမ်း၊ ခဝဲ၊ ရုံပတီ စသည့် ဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြောင်း သိရသည်။

တောင်သူများအနေဖြင့် ယခင်က စပါး၊ ကြက်သွန်၊ ငရုတ်စသည့် သီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးကြရာမှ ယခုအခါ သွင်းအားစုစရိတ်ကြီးမြင့်ခြင်းနှင့် ရိတ်သိမ်းရောင်းချချိန်တွင် ဈေးကောင်းရရှိမှုမသေချာခြင်းများကြောင့် ကာလတိုအတွင်း နေ့စဉ်ပုံမှန်ဝင်ငွေရသည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း ရန်ပုံနှစ်ကျေးရွာမှ တောင်သူ ဦးမြင့်မောင်က ပြောသည်။ **သက်မောင် (ကျောက်ဆည်)**



ဒေသခံတောင်သူတစ်ဦးစိုက်ပျိုးထားသည့် ကန်စွန်းခင်းများ။

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးသည့် ဆီထွက်သီးနှံ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် တစ်မြို့နယ်လုံး မိုးနှမ်းသီးနှံစိုက်ဧက ၈၉၂၄ ဧကလျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် မိုးဦးမိုးဖြင့် မိုးနှမ်းစိုက်ပျိုးရာတွင် တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံကွင်းဝန်ထမ်းများက စိုက်နည်းစနစ်မှန်ကန်စေရေး စိုက်ပျိုးရေးနည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါ ဒေသခံတောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးခဲ့သည့်မိုးနှမ်းစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာပြီး ဖြစ်ထွန်းအောင်မြင်နေခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက "ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နယ်မြေကွင်းဆင်းပြီး ဒေသခံတောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ အသိပညာပေးခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရမည့်နည်းစနစ်များကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် မျိုးစေ့ထုတ်နည်းပညာဖြန့်ဝေပေးခြင်းနဲ့ စံပြကွက်များစိုက်ပျိုးသရုပ်ပြခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်မတို့ဒေသမှာ စမုံနက်၊ နှမ်းဖြူ၊ နှမ်းနီနဲ့ သိပ္ပံနှမ်းနက်တွေကို အများဆုံးစိုက်ပျိုးကြပါတယ်။ အခုနှစ်မှာ မိုးနှမ်းစံပြကွက်စိုက်ပျိုးမှုအနေနဲ့ ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာက ဒေသခံတောင်သူ ၁၁ ဦးရဲ့ လယ်မြေမှာ မိုးနှမ်းထရိုင်ခိုဒါးမားထည့်သွင်းခြင်း စံပြကွက်အဖြစ် ၁၅ ဧကကိုလည်း စိုက်ပျိုးထားပြီးဖြစ်ပါတယ်" ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၅ ရွာရှိပြီး ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကာ စိုက်ပျိုးရေအဆင်ပြေမှုနှင့် ရာသီဥတုမျှတကောင်းမွန်မှုကြောင့် ယခုနှစ်တွင်လည်း ဒေသခံတောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးထားရှိသည့် မိုးနှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ၍ သိမ်းဆည်းချိန်တွင် ဈေးကောင်းရရန် ဒေသခံတောင်သူများက မျှော်လင့်နေကြသည်။

**လှိုင်ဝင်းလေး**
**(ပွင့်ဖြူမြေ)**



မိုးနှမ်းစိုက်ခင်းအတွင်း တောင်သူများ ပိုးသတ်ဆေးဖျန်းနေစဉ်။

# ကျောင်းကုန်းမြို့၌ နနွင်းများ ဈေးကောင်းရ၍ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုး

**ကျောင်းကုန်း စက်တင်ဘာ ၁၇**

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ နနွင်းစိုက်ပျိုးသူတောင်သူများအနေဖြင့် ယခုနှစ်တွင် နနွင်း ဈေးကောင်းရ၍ ယခင်နှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကွင်းကြီးကျေးရွာမှ နနွင်းစိုက်တောင်သူ ဦးမျိုးဇော်က "နနွင်းကို ဇွန်လလောက်က စစိုက်တယ်၊ တစ်ဧကကို နနွင်းမျိုး နှစ်တင်းနှုန်းစိုက်တယ်၊ တစ်လတစ်ခါ ပုံမှန်အစာကျွေးရတယ်၊ ရေဝပ်လို့တော့မရဘူး၊ ပေါင်နဲ့စိုက်ပျိုးရပြီး လေးလက်မတစ်ပင် စိုက်ပျိုးရတယ်၊ အထွက်နှုန်းကတော့ တင်း၆၀ ကနေ တင်း ၁၀၀ အထိ ထွက်တယ်၊ နနွင်းမျိုးဈေးက တစ်သောင်းကျော်ရှိတယ်၊ လက်ရှိက နနွင်းတစ်တင်းကို ကျပ် ၄၀၀၀ နှုန်းရှိတယ်၊ စိုက်ပျိုးစရိတ်နည်းပြီး ဈေးကောင်းရတဲ့အတွက် စိုက်ပျိုးတဲ့တောင်သူတွေအဆင်ပြေပါတယ်" ဟု ပြောသည်။

ယခင်နှစ် ကျောင်းကုန်းမြို့နယ်၌ နနွင်းစိုက်ဧက ၆၀ ခန့်သာရှိပြီး ယခုနှစ်တွင်နနွင်းဈေး ပိုမိုကောင်းမွန်လာခြင်းကြောင့် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလာသဖြင့် စုစုပေါင်း နနွင်းစိုက်ပျိုးဧက ၇၀ ကျော်ရှိလာကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်ထွက် သခွားမွှေးသီးများ ဈေးကောင်းရရှိ



**မိုင်းဖြတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်ရှိ တစ်ပိုင်တစ်နိုင် သခွားမွှေးစိုက်တောင်သူများ စိုက်ပျိုးသော သခွားသီးများ ရင့်မှည့်ချိန်ရောက်ပြီဖြစ်၍ ဆွတ်ခူးရောင်းချရာတွင် ယခင်နှစ်ထက်ဈေးကောင်းရရှိနေကြောင်း သိရသည်။

ဆွပ်ပန်းကျေးရွာမှ သခွားမွှေးစိုက် တောင်သူတစ်ဦးက "အရင်နှစ်ကတော့ ပုံမှန်အတိုင်း ရောင်းချနေတဲ့ ဈေးနှုန်းအတိုင်း အလုံးအကြီးအသေးအပေါ် မူတည်ပြီး ကျပ် ၅၀၀ ကနေ ၃၀၀၀ အထိ ရတယ်။ ဒီနှစ်ကတော့ အလုံးအကြီး၊ အသေးအလိုက် ကျပ် ၁၀၀၀ ကနေ ၅၀၀၀ အထိ ရပါတယ်။ အခု ပြည်ထောင်စုလမ်းမကြီးဘေးမှာ လာရောင်းတာဆိုတော့ ခရီးသွားပြည်သူတွေဝယ်ကြတော့ ရောင်းကောင်းပါတယ်။ ရောင်းတာက အနီးနားတစ်ဝိုက်ကျေးရွာတွေကနေ လာရောင်းကြတာပါ"ဟု ပြောသည်။

မိုင်းဖြတ်မြို့နယ်၌ သခွားမွှေးသီးကို တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် အာခါနှင့် လားဟူတိုင်းရင်းသားများက အများဆုံး စိုက်ပျိုးကြသည်။ သီးသန့်အဖြစ် စိုက်ပျိုးလေ့မရှိဘဲ တောင်ယာစပါးခင်းများအကြား သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ သီးနှံများ ရင့်မှည့်ချိန်များတွင် မြို့မဈေးသို့ လည်းကောင်း၊ ပြည်ထောင်စု လမ်းမကြီးဘေး၌ ဆိုင်လေးများဖြင့် လည်းကောင်း ရောင်းချကြသည့်အတွက် မိသားစုအပိုဝင်ငွေများရရှိကြောင်း သိရသည်။

**သန်းထွန်းအေး**

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးလျာထားချက်ထက် ၄၆၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်



**ကျွန်းလှ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားချက်ထက် ၄၆၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၃၄၀၉၃ ဧကအထိ စိုက်ပျိုးပြီးခြင်းကြောင့် ၄၆၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

စိုက်ပျိုးပြီးသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံအဖြစ် စပါး ၃၄၀၉၃ ဧကအပြင် ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံ ၇၂၇၀ ဧက၊ ဝါ လေးဧက၊ အခြားသီးနှံ ၁၆၉၁၅ ဧကနှင့် နှစ်ရှည်ပင် ၁၅၄၉ ဧကတို့ကိုလည်း စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မိုးလယ်နေကြာနှင့် ဆောင်းနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး နေကြာမျိုးများ ပြန်လည်စုဆောင်းလျက်ရှိ

**မင်းတုန်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာစိုက်ပျိုးလျက်ရှိရာ မိုးလယ်နေကြာနှင့် ဆောင်းနေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မိုးဦးနေကြာစိုက်ခင်းများမှ ထွက်ရှိသော နေကြာမျိုးများကို တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြန်လည်စုဆောင်းလျက်ရှိသည်။

စက်တင်ဘာ ၁၆ ရက်အထိ တောင်သူများထံတွင် ၆၅၈ ဒသမ၅ တင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် စပ်မျိုးနေကြာ ၃၁၅ ကီလိုနှင့် ဆင်းရွှေကြာ-၂တင်းပေါင်း ၁၂၀ စုဆောင်းထားရှိပြီးဖြစ်ကာ နေကြာမျိုးစုဆောင်းရန် ကျေးရွာအုပ်စု ၁၄ အုပ်စု ကျန်ရှိသေးကြောင်း သိရသည်။



စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ မိုးဦးနေကြာစိုက်ခင်းတစ်ခင်းမှ နေကြာမျိုးစေ့များ စုဆောင်းနေစဉ်။

မင်းတုန်းမြို့နယ်၌ ယခုနှစ်တွင် မိုးဦးနေကြာသီးသန့်နှင့်သီးညှပ် ၁၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကာ မိုးလယ်နှင့်ဆောင်းတွင် နေကြာသီးသန့်နှင့်သီးညှပ် ၇၀၅၃ ဧက စိုက်ပျိုးရန် လျာထားပြီး နေကြာမျိုးစေ့ ၁၂၇၁ ဒသမ ၅ တင်း လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်၍ လိုအပ်သော နေကြာမျိုးများအတွက် မိုးဦးနေကြာစိုက်ခင်းများမှ ထွက်ရှိသော တောင်သူများထံတွင် စုဆောင်းထားရှိသည့် နေကြာမျိုးများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ စုဆောင်းထားရှိသည့် နေကြာမျိုးများကို တောင်သူများအား ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ်၌ ငရုတ်ဈေးကောင်းရသဖြင့် တစ်ဧကလျှင် ကျပ် ၁၃ သိန်းခန့် အမြတ်ရရှိ



**ချောင်းဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ နှစ်စဉ် ငရုတ်သီးနှံကို ၂၀၅၅ ဧကကျော် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင်လည်း ငရုတ်သီးနှံကို ဧက ၂၁၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ယခုနှစ် ငရုတ်ဈေးကွက်သည် ယခင်နှစ်ထက် ပိုမိုဈေးကောင်းရရှိကြောင်း၊ လက်ရှိ ငရုတ်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိသဖြင့် ငရုတ်အစို တစ်ဧက ပိဿာ ၆၀၀ ထွက်ရှိသည့် တောင်သူအနေဖြင့် တစ်ဧက ဝင်ငွေ ကျပ် ၁၈ သိန်း ရရှိပြီး ကုန်ကျစရိတ်မှာ ကျပ်ငါးသိန်းခန့်သာ ရှိသောကြောင့် ၁၃ သိန်း အမြတ်ရရှိကြောင်း၊ ယခုနှစ် ငရုတ်စိုက်တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း မကျီးခွကျေးရွာ ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

ချောင်းဦးမြို့နယ်၌ ငရုတ်သီးစိုက်ရာတွင် သာမို ၁၁၊ သာမို ၁၅ မျိုးများကို အဓိကထားစိုက်ပျိုးကြကာ တစ်ဧကတွင် အပင်ရေ ၈၅၀၀မှ ၉၀၀၀ အထိ ဝင်ဆံ့ပြီး ငရုတ်သီးနှံသည် တစ်ဧကလျှင် အထွက်နှုန်း ပိဿာ ၄၀၀ မှ ၆၀၀ အထိ ထွက်ရှိကြောင်း သိရသည်။ အထွက်နှုန်း ပိုမိုထွက်ရှိစေရန်နှင့် ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ငရုတ်စိုက် တောင်သူများထံ ကွင်းဆင်းပြီး သဘာဝပိုးတားဆေးများ ဖျော်စပ်သုံးစွဲနည်း၊ ရွက်ဖျန်းအားဆေး ငါးအမိုင်နိုပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြုလုပ်ပြသ၍ သုံးစွဲခြင်းအားဖြင့် တစ်ဧက အထွက်နှုန်းတိုးပြီး ဝင်ငွေပိုမိုရရှိလာစေရန် ပညာပေးလျက်ရှိသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# မုဒုံမြို့နယ်အတွင်းရှိ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာရောင်းချပေး

**မုဒုံ စက်တင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ တောင်သူများ စပါးသီးနှံစိုက်ပျိုးမှုနှင့် အခြားစိုက်ပျိုးရေးကဏ္ဍများ၌ အောင်မြင်ဖြစ်ထွန်းစေရန် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာကို ပြည်နယ်အစိုးရ၏ ညွှန်ကြားမှုဖြင့် ဩဂုတ်လ ဒုတိယပတ်မှစတင်ကာ ရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ အချိန်ကိုက် အချိုးကျ ထည့်သွင်းနိုင်မှသာ သီးနှံအထွက်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မုဒုံမြို့နယ်၌ မိုးစပါးစိုက်ဧက ခုနစ်သောင်းကျော်ရှိရာ ယူရီးယားဓာတ်မြေဩဇာ ၂၂၉၂ အိတ်ကို ရရှိထားပြီး စက်တင်ဘာ ၁၇ ရက်တွင် စိုက်ဘဏ်ချေးငွေ အစောဆုံးပေးဆပ်သည့် မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၁၂၂၁ အိတ်ကို တစ်အိတ်လျှင် ကျပ် ၃၂၁၀၀ နှုန်းဖြင့် ဖြန့်ဝေရောင်းချပေးခဲ့ကြောင်း သိရသည်။

**မုဒုံသူ**



# လာမည့်နှစ် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်များ ပုံမှန်အတိုင်း ယှဉ်ပြိုင်ခွင့်ရမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

အာရှဘောလုံးအဖွဲ့ချုပ်က လာမည့်နှစ်တွင်ကျင်းပမည့် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများ ပုံမှန်အတိုင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ AFC Cup ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ပြီး ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် ပုံမှန်အတိုင်းပြန်လည်ကျင်းပခဲ့သော်လည်း မြန်မာကလပ်များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ လာမည့်နှစ်တွင် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုနှစ်တွင်မူ မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ်လိဂ်ပြိုင်ပွဲဖြစ်သည့် MNL ပြိုင်ပွဲ ပြန်လည်ကျင်းပနေသော်လည်း ရှုံးထွက်ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် အမှတ်ပေးပြိုင်ပွဲ ချန်ပီယံဆုရအသင်းနှင့် ဒုတိယဆုရအသင်းတို့က ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် လာမည့်နှစ်မှစတင်ကာ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်မရတော့ဘဲ AFC Cup ပြိုင်ပွဲ တစ်ခုတည်းသာ ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်သည့်အသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရအသင်းသို့မဟုတ် ရှုံးထွက်ချန်ပီယံအသင်းက ခြေစစ်ပွဲ Play-off အဆင့်မှ ကစားရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခင်က အုပ်စုအဆင့်မှ နှစ်သင်းယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစတင်ကာ အုပ်စုအဆင့်မှ တစ်သင်း၊ ခြေစစ်ပွဲ Play-off အဆင့်မှ တစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ နိုဝင်ဘာတွင် ပြီးဆုံးမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အသင်းအချို့ အပြိုင်ဖြစ်နေသည်။ **ရဲရင့်လွင်**

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် ဆော်ဒီအာရေဗျကို မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၇**


မြန်မာနှင့် ဆော်ဒီအာရေဗျအသင်း ယှဉ်ပြိုင်နေစဉ်။

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအုပ်စု (က) စတုတ္ထနေ့အဖြစ် မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ မြန်မာစံတော်ချိန် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဆော်ဒီအာရေဗျအသင်းက ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ အသင်းသည် ဇော်ဝင်းသိန်း၊ ဟိန်းထက်စိုး (ဂိုး)၊ လတ်ဝေဘုန်း၊ ကိုးသန်းဇော်၊ လန်းဆန်းအောင်၊ ကောင်းထက်ပိုင်၊ စောသန်းကိုသန်း၊ ရဲရင့်ဖြိုး၊ သန်းတိုးအောင်၊ ဥက္ကာနိုင်၊ စွမ်းထက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဆော်ဒီအာရေဗျ အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၄၅+၅ မိနစ်တွင် ရာဒစ်၊ ၂၄ မိနစ်တွင် နာဂျာဒီ၊ ၃၅ မိနစ်တွင် အိုရာယီ၊ ၈၃ မိနစ်တွင် ဂျီဝါရာတို့က သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် သွင်းယူခဲ့သည့် စတုတ္ထဂိုးမှာ ပယ်နယ်တီမှ တစ်ဆင့် ပေးခဲ့ရခြင်းဖြစ်သည်။

အုပ်စု (က) တွင် ဆော်ဒီအာရေဗျ၊ တရုတ်၊ မြန်မာ၊ မော်လ်ဒိုက်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်သော်လည်း ဥဇဘက်ကစ္စတန်အသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ကျန်လေးသင်း၏ ရလဒ်ကိုသာ တွက်ချက်မည် ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်အပြီးတွင် ဆော်ဒီအာရေဗျနှင့် တရုတ်အသင်းက ခြောက်မှတ်စီဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အပြိုင်ဖြစ်နေပြီး နှစ်ပွဲစလုံး အရေးနိမ့်ထားသည့် မြန်မာနှင့် မော်လ်ဒိုက်အသင်းမှာမူ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာစံတော်ချိန် စက်တင်ဘာ ၁၉ ရက် နံနက်အစောပိုင်းတွင် မြန်မာနှင့် မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျနှင့် တရုတ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-AFC**

# ပရီမီယာလိဂ်ပွဲစဉ် (၈) တွင် ဝုဖ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ အစောဆုံးပွဲစဉ်ဖြစ်သည့် ဝုဖ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းက ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဝုဖ်အသင်းသည် အိမ်ကွင်း၌ မန်စီးတီးအသင်းကို လက်ခံယှဉ်ပြိုင်ကစားခဲ့ရသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယခုပွဲစဉ်တွင် မန်စီးတီးအသင်းမှ တိုက်စစ်ကစားသမား ဟာလန်း ခြေစွမ်းပြသနိုင်ခဲ့ပြီး ခုနစ်ပွဲဆက် သွင်းဂိုးရယူနိုင်ခဲ့သလို ကိုးပွဲတွင် ၁၄ ဂိုးအထိ ရှိလာပြီဖြစ်သည်။

ပွဲချိန် ၃၃ မိနစ်တွင် ဝုဖ်အသင်းမှ နသန်ကောလင်း အနီကတ်ပြထုတ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။အဆိုပွဲစဉ်၌ ဦးဆောင်ဂိုးကို ပွဲချိန် တစ်မိနစ်တွင် ရရှိခဲ့ပြီး ဒီဘရိုင်း၏ ဖန်တီးမှုမှ ဂရီးလစ်ချ်က သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)** အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ဟာလန်းက သွင်းယူပေးပြီး တတိယဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ဖိုဒင်က သွင်းယူပေးသည်။

မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပွဲစဉ် (၈) အပြီးတွင် ရမှတ် ၁၇ မှတ်အထိ ရရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဝုဖ်အသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ခြောက်မှတ်သာ ရရှိထားသေးသည်။ မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်တွင် မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**



# ချန်နိုင်းအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဗြိတိန်တင်းနစ်မယ် ကာတီဆွမ်း တက်လှမ်း

ဗြိတိန်တင်းနစ်မယ် ကာတီဆွမ်းသည် ချန်နိုင်းအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဂျပန်တင်းနစ်မယ် ဟိဘိနိုကို အနိုင်ရရှိခဲ့သောကြောင့် WTA Tour ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကာတီဆွမ်းသည် ပြိုင်ဘက်ကို ၆-၃၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၃ နှစ်အရွယ် ကာတီဆွမ်းသည် ဆီမီးဖိုင်နယ်တွင် ပိုလန်တင်းနစ်မယ် မာဂ်ဒါလီနက်တီနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုလန်တင်းနစ်မယ်သည် ကွာတားဖိုင်နယ်တွင် ကနေဒါတင်းနစ်မယ် မာရီနိုနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ၇-၆ (၁၂-၁၀)၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်သူ ဖြစ်သည်။

ထို့အပြင် လီနက်တီသည် အသက် ၃၀ အရွယ်ရှိပြီး နိုင်ခြေအဆင့် (၃) သတ်မှတ်ခံရထားသူဖြစ်သည်။ အဆိုပါ ချန်နိုင်းအိုးပင်းပြိုင်ပွဲသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံက ပထမအဆုံးအကြိမ် ကျင်းပသော WTA ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနားတင်းနစ်မယ် ပိုဒေါ်ရိုစတာနှင့် ချက်တင်းနစ်မယ် ဖရူဗာတိုဗာတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။



# လက်စတာကွင်းလယ်ကစားသမား တိုင်လီမန်းစ်ကို မန်ယူအသင်း ခေါ်ယူလို



မန်ယူအသင်းသည် လက်စတာအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား တိုင်လီမန်းစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူနည်းပြ တန်ဟတ်သည် အဆိုပါ လက်စတာ ကွင်းလယ်ကစားသမားကို ပြီးခဲ့သည့် အပြောင်းအရွှေ့ရာသီကတည်းက ခေါ်ယူရန် ဆန္ဒရှိနေခြင်း ဖြစ်သည်။ တိုင်လီမန်းစ်သည် လက်စတာအသင်း၌ ယခုနှစ်ရာသီတွင် ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ပွဲစဉ်အားလုံးတွင် ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။ တိုင်လီမန်းစ်နှင့် လက်စတာအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ကိုးလကျော်သာ ကျန်ရှိနေသောကြောင့် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြင်ပကလပ်များ အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးနှင့်အတူ အကြိုသဘောတူစာချုပ် ချုပ်ဆိုနိုင်တော့မည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို မန်ယူအသင်းအပြင် အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ရီးရဲမက်ဒရစ်အသင်းသည် အင်တာမီလန်အသင်းမှ စလိုဗက်ကီးယားခံစစ်ကစားသမား စကွာရီနီယာ (၂၇နှစ်) ကို ခေါ်ယူရေးတွင် စပါးအသင်းထက် လက်ဦးမှုရယူဖွယ်ရှိနေသည်။
- ရီးရဲမက်ဒရစ်နှင့် ချယ်ဆီးအသင်းတို့သည် လီဗာပူးနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဒေ့ါမွန်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘဲလင်ဂမ် (၁၉နှစ်) ကို ခေါ်ယူရေးတွင် ပါဝင်လာခဲ့သည်။ အခြားသတင်းတစ်ရပ်တွင် လီဗာပူးအသင်းသည် ဘဲလင်ဂမ်ကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက ဝုဖ်အသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား နူနက်စ်ကို ခေါ်ယူသွားဖွယ်ရှိနေသည်။
- ပီအက်စ်ဂျီအသင်းသည် အသင်းမှ မက်ဆီ (၃၅နှစ်) နှင့် ရာမို့စ် (၃၆နှစ်) တို့ကို စာချုပ်သစ်ချုပ်ဆိုလိုနေသည်။

■ အောင်ဇော် - စုစည်းသည်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး တောင်သာမြို့နယ် အရာတော်ကျေးရွာနေ ရဲမြတ်သူ သည် ၎င်းအသုံးပြုသည့် “Ye Myat Thu” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန် ခြင်းမရှိခဲ့သည့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆို လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်း သူများထံသို့ လွှဲပြောင်းပေးအပ် လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ နယ်မြေခံ တပ်ရင်းခန်းမနှင့် မကွေးတိုင်း ဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတို့၌ ပြန် လည်ကြိုဆိုလက်ခံခြင်း အခမ်း အနားများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများနှင့် ၎င်းတို့၏မိဘ အုပ်ထိန်းသူများ တက်ရောက်ကြ သည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မ များကို ရှင်းလင်းဆွေးနွေး ပြော ကြားသည်။ ထို့နောက် ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင် ရောက်ခဲ့သည့် ပြစ်မှုကျူးလွန် ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ PDF အဖွဲ့ ဝင် အမျိုးသား လေးဦးနှင့် မကွေး တိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ထောက်ပံ့ပစ္စည်း များ ပေးအပ်ပြီး ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော် ၏ ရေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF



အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာတာဝန် ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**




❑ *ကျောဖုံးမှ*

ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ လက်နက်ကြီး ကျည်များသည် ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုး အား ကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၄ ဒသမ ၁၉ စက္ကန့်သို့ လက်နက်ကြီးကျည် သုံးလုံး၊ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၀ ဒသမ ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၄ ဒသမ ၇၅ စက္ကန့်သို့ လက်နက်ကြီးကျည် နှစ်လုံး၊ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၈ ဒသမ ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၆ ဒသမ ၁၀ စက္ကန့်သို့ တစ်လုံးနှင့် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၂၄ ဒသမ ၈၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၆ ဒသမ ၀၁ စက္ကန့်သို့ သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် အဘက်ဘက်မှ ကြိုးပမ်းနေစဉ်ကာလအတွင်း AA အဖွဲ့သည် ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်း ဖက်အဖွဲ့နှင့် ပူးပေါင်း၍ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ် နယ်စပ်ခြံစည်းရိုး အနီးမှနေ၍ ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းသည် အိမ်နီးချင်း နှစ်နိုင်ငံ အကြား ချစ်ကြည်ရေးပျက်ပြားစေရန် ရည်ရွယ် ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ လက်နက်ကြီးကျည် ကျော်ကျပေါက်ကွဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အနီးရှိ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ AA အဖွဲ့အနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ချောင်းမြောင်း တိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်းများ ဆောင်ရွက်၍ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန် အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ သဖြင့် စခန်းအား လက်လွတ်ဆုံးရှုံးခဲ့ရပြီး နယ်ခြား စောင့်ရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကော့စ်ဘဇ္ဇားရှိ အမှတ်(၃၄) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်သို့ မြန်မာနိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှတစ်ဆင့် အကြောင်းကြားစာပေးပို့ထားရှိ ကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ သို့ အသိပေးအကြောင်းကြားစာများ ပေးပို့ထားရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

AA အဖွဲ့နှင့် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘက်ခြမ်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည့် ကျည်သွားလမ်းကြောင်းပြပုံ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းအသိပညာပေး

နေပြည်တော် စက်တင်ဘာ ၁၇

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မော်လမြိုင်ဘူတာကြီး၌ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ အသိပညာပေးဆောင်ရွက်နေမှု၊ Mask များ အခမဲ့ဝေငှခြင်းအစီအစဉ် Mask Campaign ပြုလုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။** (ယာပုံ)



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာ့မီးရထား (ပို့ဆောင်ရေး၊တိုင်းအမှတ်-၈)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ဘူတာရုံများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာကြစေရေး၊ ဘူတာရုံပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးတို့ကို ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြားပြီး တာဝန်ရှိသူများက ရထားခရီးစဉ်များ ပြေးဆွဲဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး၌ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူကြသည့် တပ်ဖွဲ့ဝင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အားဆေး၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေကြသည့် လူနာများကို အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးစာတန်းပါ အဝါရောင်တီရှပ်များဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အဆိုပါကျောင်းမှ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သိရှိလိုက်နာနိုင်ရန် STOP ကိုဗစ်-၁၉ ၊ Mask တပ်ပါ၊ လက်ဆေးပါ၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ၊ တစ်ဦးကို တစ်ဦး အသိပေးပါ၊ သတိပေးပါဆိုသည့် အချက်များပါရှိသည့် အဝါရောင်တီရှပ် ၄၃၀ ကို ပေးအပ်သည်။

ထို့နောက် ကျောင်းဝင်းအတွင်း မြက်ပင်ချုံနွယ်များ၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းအတွင်းရှိ အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်း၍ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါကျောင်းအတွင်း အုတ်နံရံခြံစည်းရိုးကာရန်သည့် လုပ်ငန်းနှင့် ဓမ္မာရုံအဝင်လမ်းကို ကွန်ကရစ်လမ်းခင်းရန် မြေပြင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များ မှာကြားသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၁၁၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ**(ယာပုံ)** မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၄၇၆၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၂၆၈၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းကြပြီး ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာ များပြားသည့် နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ Mask တပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၇ ရက်အတွင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Test Kit ၁၈၂၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဝေဘာဂီမြို့သစ်၊ ရတနာလမ်းမကြီးဘေး၊ လမ်းမကျယ်၊ မျက်နှာဝကျယ်၊ စီးပွားရေးလုပ်ကိုင်ချင်သူများနှင့် ခြံဝင်းကျယ်ကျယ်ဖြင့် နေထိုင်လိုသူများအတွက် အလွန်သက်သာသောဈေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများအတွက် ခြံရှေ့မျက်နှာဝ ပေ ၈၀ ကျော်၊ ရှေ့နောက် ပေ ၈၅၊ မြေပိုပါပြီး၊ ပတ်ဝန်းကျင်ကောင်း၊ (၁)ထပ်တိုက်၊ ရေ မီးပါ။ **ကျပ်သိန်း (2150)**

၂။ ခြံဝင်းကျယ်ကျယ်ဖြင့် နေထိုင်လိုသူများ၊ ဘယ်လိုမှမရနိုင်သော အလွန်သက်သာသောဈေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ ကွန်ဒိုဈေးသာသာရှိသော အုတ်တံတိုင်းရှယ်ခတ်ထားပြီး၊ ရေ မီးပါ၊ မြေအကျယ် sqft 6468 ရှိသောမြေကွက်၊ သာကေတ၊ ရတနာအိမ်ရာ၊ VIP မြေကွက်။ **ကျပ်သိန်း(4200)**

၃။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဆီဆိုင်၊ ဝန်ထမ်းလိုင်းခန်းပါ၊ ဧည့်ရိပ်သာ၊ အဆောက်အဦးဖိုးပဲရှိပါသည်။ ယခုအချိန် ဘယ်လိုမှမဆောက်နိုင်တော့ပါ။ ပစ္စည်းဈေးများ၊ လုပ်အားခဈေးများ၊ သယ်ယူစရိတ်များတက်နေသောကြောင့်ဖြစ်ပါသည်။ ဈေးသက်သာစွာနှင့် ရင်းနှီးမြုပ်နှံထားပြီး ငွေမကိုင်ထားလိုသူများအတွက်။ **ကျပ်သိန်း (12000)**

ဖုန်း - 09-5178979, 09-43022828, 09-451146685

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၄)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဝင်းနိုင် (၁၂/ဗဟန(နိုင်) ၀၀၅၉၈၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မြတ်မြတ်သွေး (၁၂/ပဇတ (နိုင်) ၀၀၃၀၁၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ။

## ဖခင်အမည်မှန်

ဒလမြို့နယ်၊ ခနောင်အထက် ကျေးရွာနေ ဟာမိုနီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8မှ မဆောင်းစံပယ်ဖူး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၂/ဒလန(နိုင်)၀၆၉၇၂၁ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်မိုး

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်မတက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



(၇၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မျိုးဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် စက်တင်ဘာ ၁၇ ရက်က နမ့်စန် ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (ရဲပြန်ကြား)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၅၂-၃)၊ မြေယာအမှတ်(68/259-D)၊ မြေဧရိယာ ၀.၁၁၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးဝေဖြိုးသန်း ၅/မရန(နိုင်)၁၃၅၇၅၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာအုပ်စု၊ အမှတ်(၅) ရပ်ကွက်၊ အထက အုန်းနဲ့ကျောင်း Grade-11 မှ မသီတာမိုးနှင့် Grade-8 မှမောင်အောင်စိုးတို့၏ ဖခင် ဦးဆွာမိ(ခ)ဦးအောင်ချစ်တင် ၇/ကဝန(ပြု)၀၀၁၃၁၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆွာမိ(ခ)ဦးအောင်ချစ်တင်

## အမည်မှန်

ဦးသန့်ဇင်ဦး၏သား မောင်ခန့်၏ အမည်မှန်မှာ မောင်ကျော်ဇင်ခန့်(ခ)ခန့် ၁၂/သဃက(နိုင်) ၂၁၄၇၃၅ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မိခင်အမည်မှန်

ညောင်ရွှေမြို့၊ အထက အင်းပေါခုံ Grade(11) (စနစ်ဟောင်း)မှ မဝေနှင်းထွေး၏ အမည်မှန်မှာ မပန်းအိဝေဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာလည်း မနှင်းရွှေ ၁၃/ညရန(နိုင်)၁၁၆၄၀၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/39464 ယာဉ်လက်ဝယ်ရှိသူ ဦးနီဝင်း ၁၄/ညတန(နိုင်)၀၈၇၁၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/49302, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးကြူ ၈/စလန(နိုင်) ၀၀၅၆၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/65151 , Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ EVER OK CO.,Ltdက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၄၇၅၇၅, Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော်ဦး ၉/အမဇ(နိုင်)၀၂၉၃၈၅ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

